ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့၊ (9-5-2006) (၄၉၅၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျောက်မျက်ရတနာ တူးဖော်ရောင်းချသည့်လုပ်ငန်းသည် နိုင်ငံတော်အတွက် ဝင်ငွေရသည့်လုပ်ငန်းဖြစ် နိုင်ငံတော်အတွက် အကျိုးများသည့်လုပ်ငန်းကြီးနှင့်ပတ်သက်၍ စဉ်းစားဆွေးနွေးဆုံးဖြတ်ရာ၌ သွက်လက်မြန်ဆန်ရန်လို အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံအတော်များများက မိမိတို့နိုင်ငံ၏ ကျောက်မျက်ရတနာပြပွဲများကို အာရုံစိုက်လာ

ရန်ကုန် မေ ၈

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအစည်းအဝေး (၂/၂၀၀၆)ကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ကျောက်မျက်ရတနာကြီးကြပ်ရေးဗဟိုကော်မတီဝင်များနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ အစည်းအဝေး (၂/၂၀၀၆)တွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* ယခုအခါ နိုင်ငံတစ်ဝန်း စာကြည့်တိုက်ပေါင်း ငါးသောင်းကျော် ဖွင့်လှစ်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိသည့် ပထမဦးဆုံးနိုင်ငံအဖြစ် ဂုဏ်ယူနိုင်ပြီဖြစ်သည်။

ခေါင်းကြီး (စာမျက်နှာ-၂)

* ပြိုသရာသီ ဘွဲ့မည်တင့်စုံ လကဆုန်သည်ကား ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အဖို့ အထူးအမြတ်ဆုံးလပင်ဖြစ်ပေသည်။ သုံးလူ့မှန်ကင်း တရားမင်းဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓ ဂေါတမမြတ်စွာဘုရားအား အကြောင်းပြု၍ ဝိသေသထူးခြားမှတ်သားဖွယ်ရာများရှိသော လမြတ်လထူးလည်း ဖြစ်ပေသည်။

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ **"လကဆုန် ညောင်ရေသွန်းချိန်မို့"**

ဆောင်းပါး (စာမျက်နှာ-၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉-၅-၂၀၀၆
(အင်္ဂါနေ့)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တိုးမြှင့်ဖွင့်လှစ် အားလေးအားဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်က ပညာဖြင့် အရာရာကို စေစားဖော်ဆောင်နိုင်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် ပညာရည်မြင့်မားရေး အစီအမံများကို ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲ သင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်ရေးအတွက် လိုအပ်ချက်များကို လမ်းညွှန်ဖော်ဆောင်ပေးလျက်ရှိသည်နှင့်အညီ လူငယ်လူရွယ်များသည် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို အလွယ်တကူသင်ကြား သင်ယူနိုင်ခွင့် ရရှိနေပြီဖြစ်သည်။

အလားတူ ကျေးလက်ဒေသနေပြည်သူများ၏ အသိပညာ မြင့်မားရေး၊ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက်လည်း အစီအမံများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေး စီစဉ်ဆောင်ရွက်ရာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နေခြင်းသည် အဓိကလုပ်ငန်း တစ်ရပ်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ရေးစီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သည်။ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၁၉၄၉ ရွာ ရှိသည့်အနက် ၂၀၀၆ ခုနှစ် ဧပြီလ ၁၈ ရက်နေ့အထိ နိုင်ငံတစ်ဝန်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၅၃၅၅၄ ခု ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ရာ တစ်နိုင်ငံလုံးရှိ ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ပြီဟု ဆိုနိုင်ပေသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၉၈၅ ခု ဖွင့်လှစ်ပြီးစီးခြင်းနှင့် အလှူငွေ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ဧပြီလ ၂၅ ရက်နေ့က ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ကျင်းပရာ အလှူရှင် ၈၉ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ကျေးရွာပေါင်း ၂၅၈၉ ရွာ၌ ပြည်နယ်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ပြီးစီးခြင်းအထိမ်းအမှတ်နှင့် စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေလ ၂ ရက်နေ့က လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပခဲ့ရာ အလှူရှင် ဌာနအသီးသီးနှင့် လူပုဂ္ဂိုလ် ၇၀ တို့က အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယခုအခါ နိုင်ငံတစ်ဝန်း စာကြည့်တိုက်ပေါင်း ငါးသောင်းကျော် ဖွင့်လှစ်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိသည့် ပထမဦးဆုံးနိုင်ငံအဖြစ် ဂုဏ်ယူနိုင်ပြီဖြစ်သည်။

ယခုကဲ့သို့ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အောင်မြင်စွာ တိုးမြှင့်ဖွင့်လှစ်လာနိုင်ခြင်းသည် နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏ အားနှင့်စေတနာရှင်ပြည်သူများ၏ အားဟူသည့် အားသုံးအားဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မှုတို့ကြောင့်ပင်ဖြစ်သည်။ ထို့အပြင် စာကြည့်တိုက်များ အရှည်တည်တံ့ဖွံ့ဖြိုးစေရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ ကျေးရွာအလိုက် ဖွဲ့စည်းထားသော စာကြည့်တိုက်ကော်မတီ၏အား၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၏အားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၏အားဖြင့် ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ကျေးလက်နေပြည်သူများအား အသိပညာဗဟုသုတ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကအထောက်အကူပြုလျက်ရှိသည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တိုးမြှင့်ဖွင့်လှစ်ပေးမှုများနှင့်အတူ စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် အားလေးအားဖြင့် ဆက်လက်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ်လှူဒါန်း

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ထားလျက်ရှိသည့် ရွှေတိဂုံ စေတီတော်ကြီး၏ ပုံတော်တူ ကမ္ဘာ့ဗုဒ္ဓ ဝိပဿနာ လိုဏ်ဂူ စေတီတော်ကြီးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်နှင့်ဇနီး ဒေါ်ခင်ခင်လေးမိသားစုက အလှူငွေကျပ် ၁၀ သိန်းကို ဗန္ဓုလ ဦးရွှေနှင့် တရားပြဆရာကြီး ဦးသောင်းဖေတို့ထံ ပေးအပ်လှူဒါန်းစဉ်။

(ယဉ်ကျေးမှု)

ကမ္ဘာ့ဗုဒ္ဓ ဝိပဿနာ လိုဏ်ဂူစေတီတော်ကြီးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက အလှူငွေ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၈

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ထားလျက်ရှိသည့် ရွှေတိဂုံစေတီတော်ကြီး၏ ပုံတော်တူ ကမ္ဘာ့ဗုဒ္ဓ ဝိပဿနာ လိုဏ်ဂူစေတီတော်ကြီးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၇ ရက် နံနက် ၁၁ နာရီတွင် အမျိုးသားပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်သည်။

ရှင်းလင်း

အစီအစဉ်အရ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ရွှေတိဂုံစေတီတော်ကြီး၏ ပုံတော်တူ ကမ္ဘာ့ဗုဒ္ဓ ဝိပဿနာ လိုဏ်ဂူစေတီတော်ကြီးအတွက် အလှူငွေ ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို အကျဉ်းချုပ် ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ဆက်လက်၍ ကမ္ဘာ့ဗုဒ္ဓ ဝိပဿနာ တရားပြ ဆရာကြီး ဦးဂိုအင်ကာ၏ အဖွဲ့မှ တရားပြဆရာကြီး ဦးသောင်းဖေက စေတီတော်ကြီး၏ အကြောင်းကို ရှင်းလင်းပြောကြားသည်။ ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်နှင့်ဇနီး ဒေါ်ခင်ခင်လေး မိသားစုက အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ဗန္ဓုလဦးရွှေနှင့် တရားပြဆရာကြီး ဦးသောင်းဖေတို့က လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဇနီးဒေါ်မြင့်မြင့်ဝေ မိသားစုက အလှူ ငွေကျပ်နှစ်သိန်း၊ ယဉ်ကျေးမှု ဗိမာန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ဇနီး ဒေါ်သွင်ချိုအေး မိသားစု၊ ရှေးဟောင်း သုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် ဝန်ထမ်းမိသားစု၊ အနုပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်း၊ ဇနီး ဒေါ်ခင်ရဲမြင့် မိသားစု၊ ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးနှင့် ဝန်ထမ်းများ၊ ယဉ်ကျေးမှု တက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ် ဦးစန်းဝင်းနှင့် ဝန်ထမ်းများ၊ အနုပညာ ဦးစီးဌာန(မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးဝင်းမော်သိန်းမိသားစု၊ ဦးနိုင်ဦး၊ ဇနီးဒေါ်သီတာတင် မိသားစုတို့က အလှူငွေကျပ် ငါးသောင်းစီ၊ ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်ရုံး မိသားစု၊ ယဉ်ကျေးမှုဝန်ကြီး ဌာန အဖွဲ့ခွဲမှူး ဦးမင်းကြည်စိန်နှင့် ဇနီးတို့က အလှူငွေကျပ် သုံးသောင်းစီ၊ ဒေါ်ခင်စိုးမြင့် မိသားစု၊ ဦးကျော်ဆွေ မိသားစု၊ ဦးမျိုးညွန့် မိသားစု၊ ဦးဇော်ဝင်း မိသားစုတို့က အလှူငွေကျပ် တစ်သောင်းစီ၊ ဦးကျော်သီဟ မိသားစု နှင့် ဦးမင်းအေးကို မိသားစုတို့က အလှူငွေကျပ် ငါးထောင်စီ အပါအဝင် အလှူရှင် စုစုပေါင်း ၂၀ ၏ အလှူငွေမှာ ငွေကျပ်နှစ်ဆယ့်တစ်သိန်း ခြောက်သောင်းဖြစ်သည်။(သတင်းစဉ်)

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ် (၇) အခြေခံပညာ မူလတန်း ကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ဆဋ္ဌမအကြိမ် အခြေခံပညာ မူလတန်း ဆင့်သင် ယူ ပြီးမြောက် ခြင်းလက် မှတ်ပေးပွဲကို ဧပြီ ၂၉ ရက် က ကျင်း ပ ရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဇင်က ကျောင်းသူတစ်ဦးအား လက်မှတ်ပေးအပ်စဉ်။

(ပညာရေး)

ကုသိုလ်ဖြစ် ဆေးခန်းအတွက် ငွေလှူဒါန်း

ရန်ကုန် မေ ၈

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင် (၁၁)ရပ်ကွက် မှန်ကင်းကျောင်း၌ ဖွင့်လှစ်ထားသည့် ရတနာ့မေတ္တာအဖွဲ့၏ အမှတ်(၂) ကုသိုလ်ဖြစ်ဆေးခန်းအတွက် ဒေါ်ချယ်ရီမျိုးလွင်နှင့် ဓမ္မမိတ်ဆွေများက ငွေကျပ်နှစ်သိန်း၊ ဒေါက်တာအောင်ဝင်း-ဒေါ်ဥဥအောင် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကျော်လွင်လှ မိသားစုက ငွေကျပ်တစ်သိန်း၊ မင်္ဂလာမေအမျိုးသမီးအဖွဲ့က ငွေကျပ်တစ်သိန်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (မှန်ကင်း)မှ ဆရာ၊ ဆရာမများက ငွေကျပ်နှစ်သောင်း ခြောက်ထောင့် လေးရာ၊ ဦးတင်သိန်း-ဒေါ်အေးစန္ဒာလှိုင်မိသားစုက ငွေကျပ်တစ်သောင်း **(အပေါ်ပုံ)**၊ ကိုညွန့်ဝင်းဦးနှင့် ဓမ္မမိတ်ဆွေများက ငွေကျပ်ငါးထောင်တို့ကို ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌက လက်ခံရယူသည်။

လှူဒါန်းနိုင်

ဆေးပစ္စည်းနှင့် အလှူတော်ငွေများကို မှန်ကင်းကျောင်း ဖုန်း-၅၄၇၄၀၅ နှင့် ဖုန်း-၅၆၀၇၅၇ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထူးချွန်ထက်မြက်ကရုဏာပက်သော ကြက်ခြေနီတပ်ဖွဲ့ဝင်များ

တွေ့ဆုံမေးမြန်းသူ – ဇော်ဝင်း(ကြေးမုံ)၊ ဓာတ်ပုံ – ခင်မောင်ဝင်း(ကြေးမုံ)

လူသားချင်းစာနာစွာ ကရုဏာလုပ်ငန်းများကို ဆောင်ရွက်ကြရန် စိတ်ကူး အကောင်အထည်ဖော်ခဲ့သူ ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်၏ မွေးနေ့ဖြစ်သော မေ ၈ရက်သည် ကမ္ဘာ့ကြက်ခြေနီနေ့ ဖြစ်သည်။ လူမျိုးဘာသာ၊ အဆင့်အတန်း၊ ရန်သူမိတ်ဆွေ မခွဲခြားဘဲ စောင့်ရှောက်ကူညီမှုပေးနေသည့် လူမှုကရုဏာအဖွဲ့ကြီးဖြစ်သည့် ကြက်ခြေနီအသင်းကြီး၏ မွန်မြတ်သန့်စင်သော လူမှုအကျိုးပြု လုပ်ငန်းများကို ဂုဏ်ပြု၍ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာတစ်ဝန်းတွင် ကျင်းပခဲ့ကြသည်။

"Universal Assistance through Volunteering" "ကမ္ဘာအနှံ့ကူညီရေး ကြက်ခြေနီက ဆောင်ရွက်ပေး"ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကြီးမှူး၍ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်



သူနာပြုစွမ်းရည်ဆု သုံးနှစ်ဆက်တိုက် တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်း(ခ)အသင်းခေါင်းဆောင် ဗဟန်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ တပ်ခွဲမှူးစံလွင် ရှင်းလင်းပြောကြားစဉ်။

ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

အခမ်းအနားကို မေ ၈ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သူနာပြုတက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် လူမှုကရုဏာ၊ စေတနာလုပ်အားရှင် ကြက်ခြေနီအဖွဲ့ဝင်များအား အရည်အသွေး ပြည့်ဝသော ကြက်ခြေနီမောင်မယ်များ ဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်စေရေးကို ရည်ရွယ်၍ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ စစ်ရေးပြနှင့် သူနာပြုစွမ်းရည် မြင့်မားစေရန် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စစ်ရေးပြနှင့် သူနာပြုစွမ်းရည်ပြိုင်ပွဲများကို တစ်ဦးချင်းနှင့် အဖွဲ့လိုက် ယှဉ်ပြိုင်စေပြီး တစ်ဦးချင်းဆုရရှိသူများနှင့် အဖွဲ့လိုက် ဆုရသူများအား ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် ဆုများ အသီးသီးချီးမြှင့်ခဲ့သည်။

ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံ ကြက်ခြေနီအသင်း၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် နိုင်ငံတကာ ပိုစတာပြိုင်ပွဲ၌ဆုရရှိသူများကိုလည်း ဆုချီးမြှင့်ခဲ့သည်။ ကြေးမုံသတင်းအဖွဲ့က ဆုရသည့် အသင်းများနှင့် လူပုဂ္ဂိုလ်အချို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ သူနာပြုစွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်း(ခ) အသင်းမှ အသင်းခေါင်းဆောင် ဗဟန်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ တပ်ခွဲမှူးစံလွင်က ပြောကြားရာ၌ မိမိအသက် ၁၀ နှစ်သားကတည်းက ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်ခဲ့

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး အောင်သန်း(ငြိမ်း) ကြေးမုံသို့ ရှင်းလင်းပြောကြားစဉ်။

ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

စွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်အလံကို တတိယအကြိမ်မြောက် ရရှိသည့် ရန်ကုန်တိုင်း(က)အသင်းမှ နည်းပြ တပ်ကြပ်ဌေးမြင့်က "နောင်နှစ်များတွင်လည်း ဆက်လက်ကြိုးစားသွားမည် ဖြစ်ကြောင်း၊ တံခွန်စိုက်အလံရရှိ၍ မိမိနှင့်အဖွဲ့သားများ အတိုင်းမသိ ဝမ်းမြောက်ပါကြောင်း"ပြောကြားသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ ကြက်ခြေနီအသင်း၏ နှစ် (၁၀၀) အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း)က ရှင်းလင်းပြောကြားရာတွင် "အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြည်တွင်းမှ ပြိုင်ပွဲဝင်များဖိတ်ခေါ်ခဲ့ပြီး ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ ပညာရှင်များက ဆန်ခါတင် ရွေးချယ်ပေးခဲ့ကြောင်း၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်နှင့် အလွတ်တန်းအဆင့်များဖြစ်ပြီး ပြိုင်ပွဲဝင် ၂၅ ဦးယှဉ်ပြိုင်ခဲ့ရာတွင် ဆုခုနစ်ဆု ရရှိခဲ့ကြောင်း" ရှင်းလင်းပြောကြားသည်။

ပိုစတာပြိုင်ပွဲဆုရရှိသူများအနက်မှ အလယ်တန်းအဆင့် တတိယဆုရ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း အဌမတန်းကျောင်းသူ မခိုင်မြတ်မျိုးထွန်းလင်းက "ဆုရရှိသဖြင့် ပျော်ရွှင်ကြည်နူးမိပါ

ကိုရီးယား သမ္မတနိုင်ငံ ကြက်ခြေနီအသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် နိုင်ငံတကာ ပိုစတာပြိုင်ပွဲ အလယ်တန်းအဆင့် တတိယဆုရ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ အဌမတန်းကျောင်းသူ မခိုင်မြတ်မျိုးထွန်းလင်း။

ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

ကြောင်း၊ ယခုနှစ်ရရှိသည့်အကြိမ်နှင့်ပါဆိုလျှင် သုံးနှစ်ဆက်တိုက် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလို သူနာပြုစွမ်းရည် တံခွန်စိုက်ဒိုင်း ရသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် ကြက်ခြေနီလုပ်ငန်းကို စွဲမြဲစွာလုပ်ဆောင်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဆက်လက်၍ စစ်ရေးပြတံခွန်စိုက်ဒိုင်းဆွတ်ခူးခဲ့သည့် မွန်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင် မော်လမြိုင်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်စုမှူး မနန်းယုဝေလွင်နှင့် တွေ့ဆုံရာတွင် မိမိတို့အနေဖြင့် မွန်ပြည်နယ် ကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ ဆုရသည့်အတွက် ဝမ်းမြောက် ပီတိဖြစ်မိကြောင်း၊ ကြက်ခြေနီ သူနာပြုလုပ်ငန်းသည် မွန်မြတ်ပါကြောင်း၊ အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ဆက်လက်ထမ်းဆောင်ဦးမည်ဖြစ်ကြောင်း" ပြောကြားသည်။

၂၀၀၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စစ်ရေးပြနှင့် သူနာပြု

စစ်ရေးပြ တံခွန်စိုက်ဒိုင်းဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင် မော်လမြိုင်မြို့နယ် ကြက်ခြေနီ သူနာပြုတပ်ရင်းမှ တပ်စုမှူး မနန်းယုဝေလွင် ကြေးမုံသို့ ရှင်းလင်းပြောကြားစဉ်။

ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

ကြောင်း၊ ဆက်လက်ပြိုင်ပွဲဝင်ဦးမည်ဖြစ်ပါကြောင်း" ပြောကြားသည်။

ဆက်လက်၍ အထက်တန်းအဆင့် အကောင်းဆုံး ပြိုင်ပွဲဝင်သူဆုရရှိသူ အထက (၄) အလုံမှ မောင်ဇင်ကိုကိုက "ဆုရရှိ၍ ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတကာပြိုင်ပွဲဖြစ်၍ ပိုမိုဝမ်းမြောက်ပါကြောင်း၊ ဆက်လက်ကြိုးစား ယှဉ်ပြိုင်ဦးမည်ဖြစ်ကြောင်း" ပြောကြားသည်။

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိရာ နောင်နှစ်နောင်နှစ် များတွင်လည်း ထူးချွန်ထက်မြက်သော လူမှုကရုဏာရှင် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ ဆက်လက် ပေါ်ထွက်လာဦးမည်သာ ဖြစ်ပါသည်။ ။

ကမ္ဘာ့ကြက်ခြေနီနေ့–၂၀၀၆ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၈

ကမ္ဘာ့ကြက်ခြေနီနေ့–၂၀၀၆ (World Red Cross Day-2006) အခမ်းအနားကို "ကမ္ဘာအနှံ့ကူညီရေး၊ ကြက်ခြေနီက ဆောင်ရွက်ပေး" (Universal assistance through Volunteering) ဆောင်ပုဒ်နှင့်အညီ ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ရှိ သင်တန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)မှ ဌာနေကိုယ်စားလှယ်များ၊ ဒုတိယကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးမှ သံအမတ်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်း ကြက်ခြေနီအသင်း ကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ဆုရကြက်ခြေနီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းက ဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာလှမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)တို့မှ ပေးပို့သော သဝဏ်လွှာကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ ဒုတိယကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Mr. Thiery Ribauh က ဖတ်ကြားသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ ကြက်ခြေနီအသင်း၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် နိုင်ငံတကာ ပိုစတာပြိုင်ပွဲတွင် ဆုရရှိကြသူများအား လည်းကောင်း၊ ကမ္ဘာ့ကြက်ခြေနီနေ့–၂၀၀၆ အထိမ်းအမှတ် သူနာပြုနှင့် စစ်ရေးပြ စွမ်းရည်ပြိုင်ပွဲ၌ တံခွန်စိုက်ဒိုင်းဆု ရရှိကြသော ရန်ကုန်တိုင်း(ခ)အသင်းနှင့် မွန်ပြည်နယ်အသင်းအား လည်းကောင်း၊ တံခွန်စိုက် အလံရရှိသော ရန်ကုန်တိုင်း(က) အသင်းအားလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာလှမြင့်နှင့်တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)တို့မှ ကိုယ်စားလှယ်များက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ ကြက်ခြေနီအသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် နိုင်ငံတကာ ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူ မောင်ဇင်ကိုကိုအား မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာလှမြင့် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

၂၀၀၆–ခုနှစ်၊ မေလ(၁၃)ရက်

သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းပါ

၁။ ကိုယ်အလေးချိန်ပုံမှန်ဖြစ်ရန် ထိန်းသိမ်း၍ အဝမလွန်အောင် နေထိုင်စားသောက်ပါ။

၂။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။ နေ့စဉ်နာရီဝက်၊ တစ်နာရီခန့် ခပ်သွက်သွက် လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။

၃။ ဟင်းသီးဟင်းရွက်၊ အသီးအနှံ များများစားသုံးပါ။

၄။ စိတ်ဖိစီးမှုနည်းပါးအောင် နေထိုင်ပါ။

၅။ အငန်ဓာတ်ပါသော ငါးပိ၊ ငါးခြောက်၊ ဟင်းချိုမှုန့်စသည့် အစားအစာများကို ရှောင်ကြဉ်ပါ။

၆။ အဆီကို လွန်ကဲစွာစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

၇။ အရက်ကို အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။

၈။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။

၉။ သွေးတိုးရောဂါရှိပါက သွေးပေါင်မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၏ ငွေကြေးပစ္စည်း ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲကို မေ ၈ရက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရုံးချုပ် သင်တန်းခန်းမတွင် ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲတာဝန်) ဦးအောင်မြင့်ထွန်း သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (၃၂)

၁၀ရက် တရားစခန်း

ရန်ကုန် မေ ၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကို ကမ္မဋ္ဌာန်းဆရာ ဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ဒုတိယလွှာတွင် မေ ၁၅ ရက်မှ ၂၄ ရက်အထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၅နာရီအတွင်း ဓမ္မဒါန ပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် တရားအားထုတ်နိုင်သည်။ (က–ပ)

အီဂျစ်နှင့်ယူအင်ဒီပီ ပူးပေါင်းဆောင်ရွက်မည်

ကိုင်ရို မေ ၇

အီဂျစ်နိုင်ငံနှင့် ကုလသမဂ္ဂသည် ၂၀၀၇-၂၀၁၁ ခုနှစ်အတွင်း ဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေးအတွက် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း စီးပွားရေး ရက်သတ္တပတ်အမည်ရှိ စာစောင်က ကြာသပတေးနေ့တွင် ဖော်ပြသည်။

အဆိုပါသဘောတူညီချက်အရ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(ယူအင်ဒီပီ) သည် အီဂျစ်အစိုးရက ချမှတ်ပေးသည့် ဦးစားပေး လုပ်ငန်းနယ်ပယ်များတွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ မှ ၄၀၀ အထိ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံရှိ ယူအင်ဒီပီဌာနေ ကိုယ်စားလှယ် အန်တော်နီယိုဗီဂီလန်တီ၏ ပြောကြားချက်ကို ကိုးကားလျက် စာစောင်က ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အလှပြပွဲသန်းစဉ် လေယာဉ်ပျက်ကျ

ဆိုးလ် မေ ၇

တောင်ကိုရီးယား လေတပ်မှ လေယာဉ်တစ်စင်းသည် သောကြာနေ့တွင် လေကြောင်းပြပွဲတစ်ခု၌ ပျက်ကျခဲ့ရာ လေယာဉ်မှူး သေဆုံးသွားကြောင်း တောင်ကိုရီးယားကာကွယ်ရေး ဝန်ကြီးဌာနက ကြေညာသည်။

အဆိုပါလေယာဉ်သည် ကလေးများနေ့အတွက် အလှပြ ကျွမ်းထိုးပျံသန်းပြနေစဉ် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀(ဂရင်းနစ် စံတော်ချိန် ၀၂၅၀ နာရီ)တွင် ဆိုးလ်မြို့၏ တောင်ဘက် ဆူဝမ်လေတပ် အခြေစိုက်စခန်းထဲကို ပျက်ကျခဲ့ခြင်း ဖြစ်သည်။ လေယာဉ်မှူးမှာ ပွဲချင်းပြီး သေဆုံးသွားကြောင်း ယွန်ဟပ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ် မရေဒီယမ်မြို့တွင် ကယ်ဆယ်ရေးလုပ်သားများ လေ့ကျင့်နေကြသည်ကို မေ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စင်ကာပူနိုင်ငံ စီးပွားရေးတိုးတက်မှုနှုန်း ယခုနှစ်၌ မျှော်မှန်းသည်ထက် ပိုမိုမြင့်မားနိုင်

စင်ကာပူ မေ ၇

စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ကြိုတင်မျှော်မှန်းထားသည်ထက် ပိုမိုလျင်မြန်သောနှုန်းဖြင့် မြင့်မားတိုးတက်လျက်ရှိကြောင်း ယခုနှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်း ခြောက်ရာခိုင်နှုန်းရှိမည်ဟု မျှော်လင့်ရကြောင်း၊ ယခင် ခန့်မှန်းချက်အရမူ စီးပွားရေး တိုးတက်မှုနှုန်း လေးရာခိုင်နှုန်းရှိလိမ့်မည်ဟု ထင်မှတ်ခဲ့ကြကြောင်း၊ ယခုနှစ် ပထမသုံးလပတ်ကာလတွင် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင် လာကြောင်း ဝန်ကြီးချုပ် လီရှန်လွန်း က စနေနေ့တွင် ပြောကြားသည်။

၂၀၀၆ခုနှစ် ပထမ သုံးလပတ်ကာတွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ)သည် လွန်ခဲ့သည့် တစ်နှစ်ကထက် ၁၀ ရာခိုင်နှုန်းကျော် ပိုမိုမြင့်တက်လာသည်။ ယင်းမှာ ကနဦး ခန့်မှန်းခဲ့သည့် ၉ ဒသမ ၁ ရာခိုင်နှုန်းထက် ပိုမိုသည်။ စင်ကာပူနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်း ဆက်လက်ကောင်းမွန်နေစေရန် မိမိတို့ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း လီရှန်လွန်းက ပြောကြားသည်။ စင်ကာပူနိုင်ငံ၏စီးပွားရေးတိုးတက်မှု အခြေအနေကို ဖော်ပြသော အစီရင်ခံစာကို လာမည့် ရက်သတ္တပတ်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။***အင်တာနက်။***

ကိုကိုးဈေးနှုန်း ကာကွယ်ရေး နိုင်ဂျီးရီးယား သမ္မတ တိုက်တွန်း

အဘူဂျာ မေ ၈

ကိုကိုးထုတ်လုပ်မှုကို လျှော့ချခြင်းထက် နိုင်ငံတကာဈေးကွက်တွင် ကိုကိုးဈေးနှုန်းကာကွယ်ပေးခြင်းကို ပူးတွဲကြိုးပမ်းဆောင်ရွက်ကြရန် နိုင်ဂျီးရီးယား သမ္မတ အိုလူဆီဂွန်အိုဘာဆန်ဂျိုက ကိုကိုးစိုက်ပျိုးသည့် အာဖရိကနိုင်ငံများကို တိုက်တွန်းလိုက်သည်။

မိမိတို့ ဘ၀ ရပ်တည်ရေးအတွက် ပြည်ပဈေးကွက်ကို ပို၍ မှီခိုအားထားခြင်း၊ မှီခိုခြင်းမပြုကြရန် အဘူဂျာမြို့၌ စနေနေ့တွင် စတင်ကျင်းပခဲ့သည့် ပထမအကြိမ် အာဖရိက ကိုကိုးထိပ်သီးဆွေးနွေးပွဲတွင် နိုင်ဂျီးရီးယားသမ္မတက ပြောကြားသည်။

တစ်စတစ်စလျော့ပါးလျက်ရှိသည့် ကိုကိုးဈေးနှုန်းကို မြှင့်တင်ပေးမည့် မဟာဗျူဟာတစ်ရပ်မှာ ပြည်တွင်းစားသုံးမှုကို မြှင့်တင်ပေးရေးပင်ဖြစ်ကြောင်း အိုဘာဆန်ဂျိုက ပြောကြားသည်။ ကိုကိုးဘေးထွက်ပစ္စည်းများကို ကိုကိုးထောပတ်၊ ကိုကိုးကိတ်၊ ကိုကိုးဝိုင်၊ ကိုကိုးမှုန့်၊ ချောကလက်၊ ကိုကိုးအလှကုန်၊ ကိုကိုးပေါင်မုန့်၊ ကိုကိုးဆပ်ပြာနှင့် တိရစ္ဆာန်အစားတို့တွင် ထည့်သွင်းသုံးစွဲသွားရန် ၎င်းက ပြောကြားခဲ့သည်။

လိုအပ်

ပြည်တွင်းပြည်ပ စားသုံးမှုအတွက် ကိုကိုးနှင့် ကိုကိုးဘေးထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ကိုကိုးတောင်သူများအတွက် ဈေးကွက်နှင့် ဈေးနှုန်းအာမခံချက်ပေးနိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း အိုဘာဆန်ဂျိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

တရုတ်နိုင်ငံ တိဘက်ဒေသမှ ထင်ပေါ်ကျော်ကြားလာသော အဆိုတော်မလေး ရှုံလောင်ဝမ်မုအား မေ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘတ်စ်ကားတစ်စီး တောင်နံရံကိုဝင်တိုက် လူ ၂၀ သေဆုံး

မက္ကဆီကိုစီးတီး မေ ၈

မက္ကဆီကိုနိုင်ငံအလယ်ပိုင်း ဆန်လူးစစ္စပိုတိုစီပြည်နယ်တွင် စနေနေ့က ရီအိုဗာဒီမြို့ပြင်၌ ဘတ်စ်ကားတစ်စီး တောင်နံရံကို တိုက်မိပြီး ပျက်စီးသွားရာ လူ ၂၀ ထက်မနည်း သေဆုံးကြောင်း ဒေသခံ သတင်းများအရ သိရှိရသည်။

အဆိုပါဘတ်စ်ကားသည် တာယာကွဲသွားပြီး ယာဉ်မောင်းမှာ ထိန်းမနိုင်သိမ်းမနိုင်ဖြစ်ကာ တောင်နံရံနှင့် ဝင်တိုက်မိပြီး ခရီးသည်အချို့ ယာဉ်တံခါးပေါက်မှ ပြုတ်ကျခဲ့ကြောင်း အယ်လ်ယူနီဗာဆယ်နေ့စဉ်သတင်းစာ၏ သတင်းဖော်ပြချက်ကိုဝက်ဘ်ဆိုက်တွင် တွေ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပင်လယ်ထွက်အစားအစာ တင်ပို့မှုမှ ဗီယက်နမ် ဝင်ငွေတိုးတက်ရရှိ

ဟနွိုင်း မေ ၇

ဗီယက်နိုင်ငံသည် ယခုနှစ် ပထမလေးလတာကာလအတွင်းပင်လယ်ထွက် အစားအစာ ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ အမေရိကန်ဒေါ်လာ ၈၄၅ သန်း ဝင်ငွေရရှိခဲ့ကြောင်း၊ ယင်းမှာ လွန်ခဲ့သည့်နှစ် အလားတူကာလ ဝင်ငွေနှင့် နှိုင်းယှဉ်လျှင် ၂၂ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း ဗီယက်နမ် ပင်လယ်ထွက် အစားအစာ ထုတ်လုပ်သူများနှင့် ရောင်းချသူများအသင်းက စနေနေ့တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ပုစွန်များအပါအဝင် ပင်လယ်ထွက်အစားအစာ အမျိုးမျိုးကို ပြည်ပသို့ တိုးမြှင့်တင်ပို့လျက်ရှိသည်။ တရုတ်၊ အမေရိကန်၊ ဥရောပသမဂ္ဂနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့သည် ဗီယက်နမ်နိုင်ငံ၏ ပင်လယ်ထွက် အစားအစာများ ပုံမှန်ဝယ်ယူတင်သွင်းသော နိုင်ငံများဖြစ်ကြသည်။ ဗီယက်နမ်နိုင်ငံသည် ယခုအခါ အရှေ့အလယ်ပိုင်း၊ အရှေ့ဥရောပနှင့် အာဖရိက၊ တောင်အမေရိကဒေသတို့ရှိ နိုင်ငံများသို့ ပင်လယ်ထွက်အစားအစာ တိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံသည် ပင်လယ်ထွက်အစားအစာ ထုတ်ကုန်တန်ဖိုးမြှင့်တင်နိုင်ရန် အလေးပေးဆောင်ရွက်နေသည်။ ပင်လယ်ထွက် အစားအစာများကို ပိုမိုတင်ပို့ ရောင်းချနိုင်ရန် အရောင်းမြှင့်တင်ရေးအစီအစဉ်များကိုလည်းချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပင်လယ်ထွက်အစားအစာ ထုတ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများနှင့် ဝယ်လိုအားတို့ကို သိရှိနိုင်ရန်လည်း ဈေးကွက်သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအသင်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံဖိုးအထိ ပင်လယ်ထွက်အစားအစာများကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရောင်းချနိုင်မည် ဟုလည်း မျှော်လင့်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ ပင်လယ်ထွက် အစားအစာစက်ရုံတွင် ပြည်ပသို့ တင်ပို့မည့် ပုစွန်တုပ်တစ်ကောင် ပြင်ဆင်ထုပ်ပိုးနေသည်ကို မေ ၇ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲမှု တိုက်ဖျက်ရေး ဂျကာတာ၌ ကျင်းပမည့် အက်ဖ်အေအို ညီလာခံ၌ ဆွေးနွေးမည်

ဂျကာတာ မေ ၇

(၂၈)ကြိမ်မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညီလာခံတစ်ရပ်ကို အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာတွင် မေ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းညီလာခံတွင် စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး အကြောင်းရပ်များကို အလေးပေးဆွေးနွေးကြမည်ဖြစ်ကြောင်း အင်ဒိုနီးရှား လယ်ယာစိုက်ပျိုးရေးဝန်ကြီး အန်တွန်အပရီယန်တိုနိုက စနေနေ့တွင် ပြောကြားသည်။

ယခုကျင်းပမည့် ဒေသဆိုင်ရာ ညီလာခံတွင် ဒေသဆိုင်ရာနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ တွေ့ကြုံနေရသည့် စားနပ်ရိက္ခာဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ ဆွေးနွေးအဖြေရှာနိုင်မည်ဖြစ်သည်။ စားနပ်ရိက္ခာထုတ်လုပ်ခြင်း၊ စားသုံးခြင်းနှင့် ကုန်သွယ်ရောင်းဝယ်ခြင်းတို့နှင့် ပတ်သက်နေသော အနာဂတ်အလားအလာများ၊ ကြက်ငှက်တုပ်ကွေးရောဂါတားဆီးကာကွယ်ရေးလုပ်ငန်း၊ ဇီဝစွမ်းအင်တီထွင်ထုတ်လုပ်ခြင်းနှင့် ပိုးသတ်ဆေးစီမံခန့်ခွဲခြင်းတို့နှင့် ပတ်သက်၍လည်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ဆွေးနွေးကြမည်ဖြစ်ကြောင်း အပရီယန်တိုနိုကပြောကြားသည်။

နိုင်ငံတကာကုန်သွယ်ရေး မမျှတမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ထိခိုက်နစ်နာမှု ဖြစ်ရခြင်းမှ ရှောင်ရှားနိုင်ရန် အဖွဲ့ဝင်နိုင်ငံများအတွင်း အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်နှင့် ရေးနော့ကုမ္ပဏီ ပူးတွဲကားထုတ်လုပ်မည်

တီဟီရန် မေ ၇

ဈေးကွက်တွင် ရေပန်းစားနိုင်သော ကားအမျိုးအစားသစ်များကို ပူးတွဲထုတ်လုပ်ရန် ကနဦးတွင် သဘောတူညီခဲ့ကြသော်လည်း အကောင်အထည်မဖော်ဖြစ်ခဲ့သော ယင်းသဘောတူညီချက်ကို ပြန်လည်အသက်သွင်းရန် အီရန်နှင့် ပြင်သစ်နိုင်ငံရှိ ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ရေးနော့ကုမ္ပဏီတို့က ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း အီရန် စက်မှုလုပ်ငန်းဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အီရန်နှင့် ရေးနော့ကုမ္ပဏီတို့သည် ပြည်ပသို့ ကားများတင်ပို့ ရောင်းချခြင်းဆိုင်ရာ အငြင်းပွားမှုတစ်ရပ်ကို ဖြေရှင်းခဲ့ကြပြီးနောက် မူလကရရှိခဲ့သော သဘောတူညီချက်ကို ပြန်လည်အကောင်အထည်ဖော်ကြမည် ဖြစ်သည်။

အီရန်နှင့် ရေးနော့ကုမ္ပဏီတို့သည် အထင်ကရဖြစ်သည့် သဘောတူညီချက်ကို ရရှိခဲ့သော်လည်း ပြီးခဲ့သည့် ဧပြီလမှစ၍ အကောင်အထည်ဖော်မှုကို ရပ်ဆိုင်းထားလိုက်ကြသည်။ အီရန်နိုင်ငံလုပ် မော်တော်ကားအချို့ကို ပြင်သစ် ကားဈေးကွက်နိုင်ငံများသို့ ရောင်းချခွင့်ရှိမှသာလျှင် ဖက်စပ်ကားထုတ်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဟု အီရန်အစိုးရက ပြောကြားခဲ့သည်။

အင်တာနက်။

ရုရှားနိုင်ငံ ကမ်းလွန်း ပင်လယ်နက်အတွင်းသို့ ပျက်ကျခဲ့သည့် အာမေးနီးယားနိုင်ငံ အာမေးဗီးယားလေကြောင်းဌာနပိုင် ခရီးသည်တင်လေယာဉ်၏ အပျက်အစီးများကို ဆိုချီပင်လယ်ဆိပ်ကမ်းတွင် ကရိန်းဖြင့် ချနေသည်ကို မေ ၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗြိတိသျှစစ်ရဟတ်ယာဉ် ပျက်ကျ

ဒေသခံများနှင့် ဗြိတိသျှတပ်ဖွဲ့ ရှုန်းရင်းဆန်ခတ်ဖြစ်ပွား

ဘာဆာရာ မေ ၇

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် စနေနေ့နံနက်က ဗြိတိသျှစစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျသည့်နေရာ အနီးတစ်ဝိုက်တွင် စုပြုံရောက်ရှိနေသော ဆန္ဒပြသူများနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ ထိပ်တိုက်ရင်ဆိုင်တွေ့ခဲ့ကြပြီး ဒေသခံပြည်သူများက ဗြိတိသျှတပ်ဖွဲ့ဝင်များကို မီးလောင်စေသော ဓာတ်ဆီဗုံးများဖြင့် ပစ်ပေါက်ကာ တိုက်ခိုက်ခဲ့ကြသည်။

ရဟတ်ယာဉ်ပျက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်အချို့ သေဆုံးရကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ သို့ရာတွင် သေဆုံးသော တပ်ဖွဲ့ဝင်များ၏ ဆွေမျိုးသားချင်းများထံ အကြောင်းကြားနေဆဲဖြစ်သဖြင့် တပ်ဖွဲ့ဝင်မည်မျှသေဆုံးရသည်ကို စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခြင်းမရှိချေ။

ပျက်ကျခဲ့သော ရဟတ်ယာဉ် အပျက်အစီးများအောက်မှ အလောင်းလေးလောင်းကို ရရှိခဲ့သည်ဟု မီးသတ်သမားများနှင့် ရဲအရာရှိများက ပြောကြားကြောင်း သတင်းများတွင်ဖော်ပြသည်။

ရဟတ်ယာဉ်ပျက်ကျသော နေရာအနီးတစ်ဝိုက်ကို ဗြိတိသျှတပ်ဖွဲ့ဝင်အချို့က ပိတ်ဆို့ထားလိုက်ကြောင်း၊ ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဗြိတိသျှစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ဆီဘက်ရှန်မွန်က ပြောကြားသည်။

ဗြိတိသျှစစ်ရဟတ်ယာဉ်သည် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသည်ဟု ယူဆရကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။

အင်တာနက်။

ဘိုလီးဗီးယား ရေနံလုပ်ငန်း နိုင်ငံပိုင်ပြုလုပ်

လာပက်ဇ် မေ ၇

ဘိုလီးဗီးယားနိုင်ငံတွင် သမ္မတ အီဗိုမော်ရေးက ရေနံလုပ်ငန်းများကို နိုင်ငံပိုင်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာစိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။ ဘိုလီးဗီးယားနိုင်ငံရှိ ရေနံချက်စက်ရုံများနှင့် ရေနံတွင်းများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စောင့်ကြပ်လျက်ရှိသည်။

နိုင်ငံ၏ သဘာဝဓာတ်ငွေ့ ကြွယ်ဝမှုကို နိုင်ငံတော်က ပိုမို ထိန်းချုပ်ပေးမည်ဟု မော်ရေးက ကတိပြုခဲ့သော်လည်း ဘရာဇီးနိုင်ငံက တူးဖော်လျက်ရှိသည့် ရေနံတွင်းတစ်တွင်းကို မေ ၁ ရက်က နိုင်ငံပိုင် ပြုလုပ်လိုက်ခြင်းသည် လေ့လာဆန်းစစ်သူများကို အံ့အားသင့်စေခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများကို ထိတ်လန့်စေခဲ့သည်။ ဘိုလီးဗီးယားနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံပြီးလျှင် တောင်အမေရိကတိုက်တွင် ရေနံသိုက် အများဆုံးရှိသည့် နိုင်ငံဖြစ်သည်။

ရေနံလုပ်ငန်းများကို နိုင်ငံပိုင်ပြုလုပ်ခြင်းမှာ အလွန်အမင်း ပြင်းထန်လှသည့် လုပ်ရပ်ဖြစ်ကြောင်း လွတ်လပ်သည့် စီးပွားရေး လေ့လာဆန်းစစ်သူနှင့် ဆောင်းပါးရှင်တစ်ဦးဖြစ်သူ ဟမ်ဘာတိုဗာကာဖလောက ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဥရောပသမဂ္ဂကလည်း စိုးရိမ်မကင်းဖြစ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ရေနံဈေးကွက်တွင် ရှယ်ယာဈေးနှုန်းတက်ခဲ့ပြီး ရေနံဈေးနှုန်းမှာ တစ်စည်လျှင် ၇၄ ဒေါ်လာကျော်အထိ ရောက်ရှိခဲ့သည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် မုန်တိုင်းများ တိုက်ခတ်ပြီးနောက် အပျက်အစီးများကို မေ ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တက္ကဆက်ပြည်နယ်တွင် လေပြင်းမုန်တိုင်းများ ကျရောက်

ဝါကို (တက္ကဆက်) မေ ၇

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဒေသအချို့တွင် မေ ၆ရက်က မိုးကြိုးမုန်တိုင်းများ ကျရောက်ခဲ့ရာ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ ဖြစ်ပွားခဲ့ပြီး တော်နေဒိုး လေဆင်နှာမောင်းတိုက်ခိုက်မှုကြောင့် သစ်ပင်များ အမြစ်မှကျွတ်ထွက်ကာ လဲကျခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ ပျက်စီးခြင်းနှင့် နေအိမ်များ ပျက်စီးခြင်းတို့ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သောကြာနေ့ညနှင့် စနေနေ့ နံနက်အစောပိုင်းက တိုက်ခတ်ခဲ့သော မိုးကြိုးမုန်တိုင်းများကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်သေဆုံးမှုရှိသည်ဟု သတင်းများမရရှိပေ။ ဝါကိုမြို့ရှိ စက်မှုလုပ်ငန်းများ တည်ရှိရာ ရပ်ကွက်တစ်ခု၌ အပျက်အစီး များပြားခဲ့သည်။ တစ်နာရီလျှင် မိုင် ၈၀နှုန်းဖြင့်လေပြင်းများ တိုက်ခတ်ခဲ့ရာ သိုလှောင်ရုံအမိုးများ ပြုတ်ထွက်ခဲ့ပြီး ကိုကာကိုလာ အချိုရည်ထုတ်လုပ်ရေး စက်ရုံတစ်ရုံ၏ တံတိုင်းနံရံများ ပြိုလဲကျခဲ့ရာ စက်ရုံကို ပိတ်ထားလိုက်ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဝါကိုမြို့တွင် နေထိုင်သူ ပြည်သူ ၂၂၀၀၀ ခန့်မှာ စနေနေ့နံနက်အထိ လျှပ်စစ်ဓာတ်အား မရခဲ့ကြောင်း မြို့ပြအုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ လာရီဟော်ဇီက ပြောကြားသည်။

တော်နေဒိုး လေဆင်နှာမောင်းကြောင့် ထိခိုက်ပျက်စီးမှု မည်မျှရှိသည်ကို သိရှိနိုင်ရေးအတွက် ကျွမ်းကျင်သူပညာရှင်များကို ကွင်းဆင်းလေ့လာရန် စေလွှတ်ထားကြောင်း အမျိုးသားမိုးလေဝသဌာန မိုးလေဝသ ခန့်မှန်းရေးမှူး တက်ရန်းက ပြောကြားသည်။

အင်တာနက်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးမြူထားသော ကျားဖြူနှစ်ကောင်ကို မေ၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အဲဘတ်စ်လေယာဉ်များ အဲရိုးဖလုတ်လေကြောင်းက ဝယ်ယူမည်

မော်စကို မေ ၇

ရုရှားနိုင်ငံရှိ အဲရိုးဖလုတ်လေကြောင်း ဌာနသည် အမေရိကန် ဘိုးအင်းလေယာဉ်များကို ဝယ်ယူခြင်းမပြုဘဲ ဥရောပကထုတ်လုပ်သော အဲဘတ်စ်လေယာဉ်များကို ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ယင်းမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ရုရှားနိုင်ငံဝင်ရောက်ရေးကိစ္စတွင် အမေရိကန်က ကန့်ကွက်ခဲ့သည်ကို လက်တုံ့ပြန်ခြင်းပင်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုမှ စီးပွားရေးဆန်းစစ်သူ ယူရီဆလပ်ဗ်လစ်ဆိုဗိုလ်က ပြောကြားကြောင်း ရုရှားနိုင်ငံတွင် ထုတ်ဝေသည့် စီးပွားရေးသတင်းစာတစ်စောင်က စနေနေ့တွင် ရေးသားဖော်ပြသည်။

အဲရိုးဖလုတ်လေကြောင်းဌာနသည် ကနဦးက ဘိုးအင်းလေယာဉ်များကို ဝယ်ယူရန် ရည်မှန်းခဲ့သော်လည်း ပြောင်းလဲလာသောအခြေအနေများအရ အဲဘတ်စ်လေယာဉ်များကို ဝယ်ယူရန် စီစဉ်ခြင်းဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

လကဆုန် ညောင်ရေသွန်းချိန်မို့

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

"မြူခြေငယ်စွန်းပါလို့
နေဝန်းငယ်စက်ရှိန်
တောက်လောင်ငယ်ထိန်သည်၊
ဖန်သူရိန် တေဇာကြောင့်
ပူဗျာပါ ကဲတဲ့လကိုလေး။
ရာသီငယ်ပြိသ၊
မဟေသီလဲ၊ ရွှေညီခလို့
ပန်းမြတ်စံကားဝါ၊ ဝိသာခါနှင့်
တာရာခြံရံ၊ စန်းယုန်ငွေဖန်သည့်နှယ်
ဆဒ္ဒန်ပိုင့် ဖွေပုံမှာ
လကဆုန်ညောင်ရေပွဲချိန်မို့
သဲလှတယ်လေး"

ကဆုန်လ၏ သာယာပုံကို မဟာအတုလမင်းကြီးက အထက်ပါအတိုင်း စာဖွဲ့ခဲ့သည်။

နွေနှောင်းရွက်ကျန် ဝသန်ပေါ်ထွန်းတော့မည်။ **"ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့ မိုးနံ့နံ့"**ဟူသော မိုးလက်္ခဏာအတိုင်း မြေသင်းရနံ့ သင်းပျံ့ထုံကြိုင်၍ မိုးဦးကို ကြိုနေသည့်အခါသမယတွင် မြန်မာ့ယဉ်ကျေးမှု ကဆုန်ညောင်ရေသွန်းပွဲတော်ကို နိုင်ငံအနှံ့ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ **"သပြေညွန့်နု၊ ရတုမာသ ကဆုန်လ"**သည် မြန်မာဗုဒ္ဓဘာသာဝင်တို့၏ လထူးလမြတ် ဖြစ်ပါသည်။

"တန်ခူးရေကုန်၊ ကဆုန်ရေခန်း"ဟူသော စကားအရ ကဆုန်လတွင် ဥဏှဂုနတ်၊ ဖန်ရဟတ်၏၊ သဟာသ ရောင်ခြည်တစ်ထောင်ကြောင့် လောကဓာတ်အားလုံး အပူဓာတ်ဖုံးကာ ရေတို့ခန်းခြောက်ကြရသည်။ ထို့ကြောင့်လည်း လူတို့အထွတ်အမြတ်ပြုရာ ဗောဓိညောင်ရွှေ ဗုဒ္ဓဟောကို ရှိသေကြည်လင် သဒ္ဓါစိတ်ရွှင်ရွှင်ဖြင့် ရေစင်သွန်းလောင်း မြတ်ဆုတောင်းလေ့ရှိကြသည်။

"ဆဒ္ဒန်ငယ်ငွေပွင့်၊
ယဉ်မြတ်စွာတင့်ပါတဲ့၊
ရာမင့်ကေပန်၊
ပြည်နိဗ္ဗာန်မှာ၊ နတ်ထံရိုက်မွှန်း၊
ခါညောင်တော်သွန်းငယ်နဲ့"

ဤသို့လျှင် စာဆိုတော် လူဦးမင်းက ညောင်ရေသွန်းသဘင်ဆင်ယင်ခြင်းကို စာမော်ကွန်းတင်ခဲ့သည်။ ရှေးမြန်မာမင်းများလက်ထက်တော်တွင် ညောင်ရေသဘင် ဆင်ယင်မှုမှာ အထူးတမြတ်ရှိလှသည်။ ကုန်းဘောင်ခေတ် စာဆိုအကျော် ကဝိတစ်ဆူဖြစ်သော ဝက်မစွတ်မြို့စား ဒုတိယနဝဒေးသည် ညောင်ရေသွန်းခြင်းနှင့် ပတ်သက်၍ "လောကဝိဒူမော်ကွန်း"တွင်-

"မိဿစက်ဦး၊ ကူးခဲ့ခေါက်တုံ့၊
နှစ်လုံးတပါဒ်၊ နက္ခတ်မမှီ၊
ရာသီပြိဿ၊ ဒုတိယဟု၊
ကြတ္တိကနဝင်း၊ ပါဒ်ဖြင့်ချဉ်း၍၊
တနင်္ဂနွေကျော်၊ ဦးခေါင်းပေါ်သော်၊
ပူဇော်ညွတ်တုပ်၊ ပန်းရှစ်ဆုပ်ဖြင့်၊
လက်ခုပ်တဖြောက်၊ ဇသံထောက်လျက်၊
ဆယ့်ခြောက်ဌာနီ၊ တရာသီဝယ်၊
ဝဇီရာခေါင်၊ ရွှေညောင်ဗောဓိ၊
ဒက္ခိသာခ၊ ရုပ်ရှင်လှနှင့်၊
ဝိဇယရံသီ၊ သရီမွေပုံ၊
ရွှေစည်းခုံလည်း၊ ဖြာတုံတသန်း၊
နေညဥ့်ထွန်းသား၊ ဖက်ကျွန်းမင်းသာ၊
ကိုးကွယ်ရာဟု၊ ဒီပါဇမ္ဗူ၊
ရွှေပြည်သူတို့၊ ဆုယူရွှင်လန်း၊
တင်လှူဒါန်း၍၊ တိမ်ပန်းပဇ္ဇုန်၊
ချိန်းမဲသုန်သည်၊ ကဆုန်ရွှေညောင်ရေသွန်တည်း"

ဟု ဖွဲ့ဆိုခဲ့သည်။

အတာရေအိုးများတွင် ရေဖြည့်လျက် ဗောဓိညောင်ပင်၏ ပင်ခြေ၌ ရေသွန်းလောင်းသည့် ရိုးရာဓလေ့ကို အကြောင်းပြု၍ "ကဆုန်ညောင်ရေသွန်းပွဲတော်"ဟု ခေါ်တွင်ကြသည်။

ကဆုန်လသည် မြန်မာလများတွင် ဒုတိယလဖြစ်၍ နွေဥတုတွင် ပါဝင်ပေသည်။ နွေရာသီ၏ ဗဟိုချက်မှ အလယ်ကျသောလဖြစ်သည်။ **"ကဆုန်၊နယုန် ဆွေ့ဆွေ့ခုန်"**ဆိုသကဲ့သို့ ဆွေ့ဆွေ့ခုန်မျှ အပူရှိန်လွန်ကဲသော လဖြစ်သည်။

လကဆုန်၏ အပူဟုန်ပြင်းပြမှုကြောင့် အင်းအိုင်၊ ကန်ချောင်း၊ ရေနုတ်မြောင်းများမှာ ရေခန်း၍ ခြောက်သယောင်းကြရကုန်သည်။ တန်ခူးလတွင်ရွာခဲ့သော ဖက်ဆွတ်မိုးကြောင့် ခေါင်းပြူထွက်လာကြသည့် မြက်နုကလေးများသည် ခြစ်ခြစ်တောက်ပူပြင်းသော ဤနွေကဆုန်၏ စက်ရိပ်အောက်တွင် ညှိုးနွမ်းပျော့ခွေသွားကြသည်။

မြေသင်းရနံ့တို့ကား အရပ်ထက်ဝန်းကျင်၌ တပျံ့ပျံ့မွှေးနေသည်။ ထို့ကြောင့် ရှေးတောင်သူဦးကြီးများက **"ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့"**ဟု မှတ်တမ်းပြုကြသည်။

"သင်းမြေနံ့တကြိုင်၊ စံကားရွှေဝါနှင့်
ညောင်သီတာရေတော်သွန်းချိန်မို့၊
ရွှန်းဝေလို့လှိုင်။
မြိုင်မြစ်စုံ ယမုံခပါတဲ့၊ ပြည်အမရမဏ္ဍိုင်၊
ခရိုင်နယ်တစ်ဝိုင်း၊
သို့ချိန်ဆီ၊ရင့်ကျူး ပဇ္ဇုဂ်ီနှင့်၊
တိမ်ပန်းချီပွေလို့ရေးပေလိမ့်၊
ဆေးရင့်ပြာလှိုင်း"

ဟူ၍ စာဆိုတော် ဦးကြင်ဥကဖွဲ့ဆိုခဲ့သည်။ ပြိဿရာသီ ဘွဲ့မည်တင့်စုံ လကဆုန်သည်ကား ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အဖို့ အထူးအမြတ်ဆုံး လပင်ဖြစ်ပေသည်။ သုံးလူ့မှန်ကင်း တရားမင်းဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓ ဂေါတမမြတ်စွာဘုရားအား အကြောင်းပြု၍ ဝိသေသ ထူးခြားမှတ်သားဖွယ်ရာများရှိသော လမြတ်လထူးလည်းဖြစ်ပေသည်။ ဤကဆုန်လပြည့်နေ့တွင်-

(၁) ဂေါတမဘုရားအလောင်း သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ထံတော်ပါး၌ ဘုရားဖြစ်မည်ဟူသော နိယတဗျာဒိတ် ရွှေတံဆိပ်ကို ခပ်နှိပ်တော်မူခြင်းခံခဲ့ရသည်။

(၂) ဘုရားအလောင်းတော် သိဒ္ဓတ္ထကုမာရကို လုမ္ဗိနီအင်ကြင်းတောတွင် မယ်တော်မာယာက မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။

(၃) ဘုရား၏ ဖွားဖက်တော်များ ဖြစ်ကြသော ကာဠုဒါယီ၊ ယသော်ဓရာဗိမ္ဗာဒေဝီ၊ ညီတော်နန္ဒ၊ ဆန္နအမတ်၊ ခဏ္ဍကမြင်းတော်၊ ရွှေအိုးကြီးလေးလုံးနှင့် သဗ္ဗညုတဉာဏ်တော်ကို ရရှိရာ ညောင်ဗုဒ္ဓဟောပင်တို့ ဖြစ်ပွင့်ပေါ်ပေါက်လာကြသည်။

(၄) ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူကာ သဗ္ဗညုတဉာဏ်တော်ကိုရရှိ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

(၅) မလ္လာမင်းတို့၏ ဥယျာဉ်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်။

ထို့ကြောင့်လည်း **"ဖွားမြင်, ပွင့်, စံ, ဗျာဒိတ်ခံ၊ မှတ်ရန်ကဆုန်၊ လပြည့်ကြုံ"**ဟူသော ဆောင်ပုဒ် ဖြစ်ထွန်းလာခဲ့ပါသည်။

ဘုရားရှင်အား အကြောင်းပြု၍ ကဆုန်လပြည့်နေ့သည် အမှတ်တရ နေ့ထူးနေ့မြတ်ဖြစ်ကြောင်းကို အောက်ပါအတိုင်း ရေးဖွဲ့မှတ်သားကြသည်-

"ဖွားတော်မူလတ်၊ လောင်းမြတ်ဗုဒ္ဓေ
သစ္စာခိုင်ပန်း၊ ကြိုင်လန်းဖြာဝေ
ခန္ဓာချုပ်ငြိမ်း၊ ဓာတ်သိမ်းခဲ့လေ
ကဆုန်လ ပုဏ္ဏဒိဝသေ"

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီးတွင် ရှင်အာနန္ဒာက "ယခုအခါ အဝေးမှလာကြသော ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို ဖူးမြင်ကြရသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သောအခါ ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို ဖူးမြင်ရတော့မည်မဟုတ်ပါ"ဟု လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားက သဒ္ဓါတရားရှိသူများဖူးမြင်ကြပြီး သံဝေဂဖြစ်စေနိုင်သော လေးဌာနကို ဟောကြားတော်မူသည်။

မြတ်စွာဘုရားဖွားမြင်သော လုမ္ဗိနီဥယျာဉ်သည် လည်းကောင်း၊ ဘုရားအဖြစ်သို့ရောက်သော မဟာဗောဓိသည်လည်းကောင်း၊ ဓမ္မစကြာတရား ဟောကြားရာ မိဂဒါဝုန်တောသည်လည်းကောင်း၊ ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံသည်လည်းကောင်း ဤလေးဌာနသည် သဒ္ဓါရှိသူများ ဖူးမြော်ထိုက်သည်။ သံဝေဂရစေသော ဌာနဖြစ်၏ဟု ဟောကြားတော်မူသည်။

ထို့ကြောင့် ကဆုန်လပြည့်နေ့တွင် လုမ္ဗိနီဥယျာဉ်၊ မဟာဗောဓိပင်နှင့် ကုသိနာရုံတို့သည် အမှတ်ထင်ထင် သတိရစရာဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့သည် လုမ္ဗိနီဥယျာဉ်နှင့် ကုသိနာရုံရှိရာသို့ လူတိုင်းမရောက်နိုင်ကြသဖြင့် မဟာဗောဓိပင်ကို ရည်မှန်းကာ မိမိတို့ရပ်ရွာဒေသရှိ ဗောဓိညောင်ပင်ကို အာရုံပြု၍ ရေလှူဒါန်းသွန်းလောင်းနိုင်ကြသည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့ဟူသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်ကြောင်းကို လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက အောက်ပါ သံပေါက်ကဗျာဖြင့် မှတ်တမ်းတင်ခဲ့ပါသည်-

ဆုပန်နေ့

လေးသင်္ချေကိန်း၊ တစ်သိန်းကပ်ကြို၊ သုမေဓာလောင်း၊ ညွှန်ပြောင်းဖွက်အုံ၊ ဒီပင့်ထံပါး၊ ဝမ်းလျားမှောက်ခုံ၊ ဆုပန်နေ့၊ လပြည့်နွေကဆုန်။

ဖွားမြင်နေ့

မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊ လုမ္ဗိနီတော၊ သာမောရဂုံ၊ မာယာမယ်ဖွား၊ ပတ္တမြားနှုတ်ငုံ၊ ဖွားမြင်နေ့၊ လပြည့်နွေကဆုန်။

ဗုဒ္ဓနေ့

တစ်ရာ့သုံးနှစ်၊ သက္ကရာဇ်ကြို၊ ဥရုဝေလ၊ သာစွရုံ၊ မာရ်စွယ်ငါးစင်း၊ နှိမ်နင်းအကုန်၊ ဗုဒ္ဓနေ့၊ လပြည့်နွေကဆုန်။

ဗုဒ္ဓဝင်နေ့

တစ်ရာ့လေးနှစ်၊ သက္ကရာဇ်ကြို၊ ကပ္ပိလနန်း၊ ကြွမြန်းခိုလှုံ၊ ဗုဒ္ဓဝင်ဇာတ်၊ ဟောလတ်ဖုံဖုံ၊ ပြန်လည်တွေ့၊ လပြည့်နွေကဆုန်။

နိဗ္ဗာန်နေ့

ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ကြို၊ မလ္လာမင်းတို့၊ အင်ကြင်းရဂုံ၊ နိဗ္ဗာန်ကြွလို့၊ ဘဝဇာတ်ခုံ၊ သိမ်းသော်နေ့၊ လပြည့်နွေကဆုန်။

ယင်းကဲ့သို့ နေ့မြတ်ငါးခုနှင့်တိုက်ဆိုင်သော ကဆုန်လပြည့်ဗုဒ္ဓနေ့သို့ရောက်တိုင်း မဟာဗောဓိပင်များကို ညောင်ရေသွန်းခြင်းဖြင့် ရေသွန်းပွဲများ ဆင်နွှဲကျင်းပကြလေသည်။

ခေတ်အဆက်ဆက်တွင် နှစ်သက်စဖွယ် ရေသွန်းပွဲကို ဆင်နွှဲခဲ့သည်။ စာဆိုတော်ရတုတံခွန်စိုက် ပြည်နဝဒေးကြီး၏ **"ညွတ်သွယ်မြင့်၍"** ချီရတုပိုဒ်စုံတွင်-

"ညွတ်သွယ်မြင့်၍၊ မိုးနှင့်ထိနီး၊
ပြောင်ပြောင်ညီးမျှ၊ ရွှေထီးကိုးမည်၊
မျက်စုံညီလျက်၊ ပတ်လည်ရံပေါင်း
သိန်းသောင်းနေလ၊ တူပြိုင်ပသို့၊
မြတ်လှဆံခွေ၊ ရှင်တော်မွေကို၊
ညောင်ရေနံ့သာ၊ ရွှေမြူတာနှင့်၊
သဒ္ဓါကြည်ဖြူ၊ သွန်းတော်မူခဲ့"

ဟူ၍ သရေခေတ္တရာ ရွှေဆံတော်စေတီမြတ်တွင် ညောင်ရေသွန်းပွဲ ဆင်နွှဲဟန်ကို ဖွဲ့ဆိုခဲ့သည်။

ကဆုန်လဆိုသည်မှာ ရေကန်၊ ချောင်းမြောင်းတို့၌ ရေပြတ်သောလ၊ ရေစစ်သောလဟု အဓိပ္ပာယ်ရသည်။ ရေပြတ် ရေစစ်ချိန်၌ နေ၏အပူရှိန်သည် အရာရာကို ပူပြင်းခြောက်သွေ့စေပါသည်။ ဤအချိန်တွင် ဘုရားရှင် ပွင့်တော်မူရာ ဗောဓိညောင်ပင်၏ ခြေတော်ရင်းကို ရေစင်သွန်းလောင်းပူဇော်ခြင်းဖြင့် ဘုရားရှင်၏ ကျေးဇူးတော်ကို အလုပ်အကျွေးပြုကြသည်။

ကဆုန်လကို ဗေဒင်အခေါ်အဝေါ်အားဖြင့် ပြိဿရာသီဟု ခေါ်ပါသည်။

ဤလတွင် ဝိသာခါနက္ခတ်သည် လမင်းနှင့်အတူ ယှဉ်ပြိုင်ထွန်းပသည်။ ရာသီရုပ်မှာ နွားလားဥသဘရုပ်ဖြစ်သည်။ ဤရာသီ၌ စံကားဝါပန်းတို့ ဖူးပွင့်ကြသည်။ ဘုရင်နှင့်တကွ ပြည်သူများသည် ညောင်ရေသွန်းပွဲတော်ကို ရာသီပွဲတော်အဖြစ် ဆင်ယင်ကျင်းပလေ့ရှိပါသည်။ နေ့တာရှည်၍ ညတာတိုသော ရက်စုံလ ဖြစ်သည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာမှစ၍ ယခုကာလအထိ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို ရိုးရာယဉ်ကျေးမှု ရာသီပွဲအနေဖြင့် ကျင်းပကြသည်။ ညောင်ရေသွန်း ပွဲတော်ကား ဂေါတမဘုရားသခင် ပွင့်တော်မူခဲ့ရာ ဗောဓိညောင်ပင်၏ ဆင့်ပွား ဗောဓိညောင်ပင်များကို အမွှေးနံ့သာရည်(သို့မဟုတ်) သန့်စင်သောရေတို့ဖြင့် သွန်းလောင်းပူဇော်ကြသည့်ပွဲတော် ဖြစ်ပါသည်။

ဗောဓိပင်ဆိုသည်မှာ ဘုရားရှင်တို့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူး၊ သစ်ပင်မြတ်ပင် ဖြစ်ပါသည်။

ဗောဓိဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာဟု အဓိပ္ပာယ်ရသည်။ ယင်းအဓိပ္ပာယ်အရ ပါဠိစာပေ၌ ဗောဓိသည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့် ဗောဓိပင်ဟူသော အနက်အဓိပ္ပာယ်သုံးမျိုးတို့ကို ဟောသည်။ အရိယာမဂ်သည် သစ္စာလေးတန် တရားမှန်ကို သိမြင်တတ်သောကြောင့် ဗောဓိမည်သည်။ သိသင့်သမျှ ဉေယျတရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတ ရွှေဉာဏ်တော်သည် ဗောဓိမည်သည်။ ဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်ကို သစ္စာလေးပါး၊ ဉေယျတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ ဖြစ်သောကြောင့် ဗောဓိဟု ခေါ်ပေသည်။

ဝေဿဘူ၊ ကကုသန်၊ ကောဏဂုံ၊ ကဿပဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်များကား အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ ဖြစ်ကြသည်။ ထိုအပင်တို့သည် ဝေဿဘူ စသော ဘုရားရှင်တို့၏ သာသနာတော်၌ ဗောဓိပင်တို့မည်ကုန်သည်။ ထို့ကြောင့် မည်သည့်သစ်ပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါးတရားကို သိမြင်တော်မူရာ သစ်ပင်ဖြစ်လျှင် ဗောဓိဟူသော အမည်ထူးကို ရပေသည်။

ဂေါတမရှင်တော်ဘုရား သစ္စာလေးပါး မြတ်တရားကို သိမြင်တော်မူရာ သစ်ပင်မှာ ညောင်ဗုဒ္ဓဟေ(ညောင်နီ)ပင်ဖြစ်၍ ထိုညောင်ဗုဒ္ဓဟောပင်သည် ဂေါတမဘုရားရှင် သာသနာ၌ ဗောဓိပင်မည်ပေသည်။ ထိုဗောဓိပင်သည် ဂုဏ်အားဖြင့် ကြီးမြတ်၍ နာမဝိသေသနပုဒ်ဖြင့် အထူးပြုကာ မဟာဗောဓိဟု ခေါ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဌာန၏လုပ်ငန်းများ၊ နိုင်ငံတော်၏ရည်မှန်းချက်တာဝန်များ၊ စီမံကိန်းများကို အောင်မြင်အောင်ကြိုးပမ်း ဝန်ထမ်းများဖြိုးဖြိုးဖြောင့်ဖြောင့်ဖြောင်ဖြောင်ဖြောင့်ဖြောင့်ဖြူစင်ဖြောင့်မတ်

ရန်ကုန် မေ ၈

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်မြို့တော်မှ မော်တော်ယာဉ်ဖြင့်ထွက်ခွာလာပြီး မွန်းလွဲ ၁၂ နာရီခွဲ တွင် ပဲခူးတိုင်း တောင်ငူမြို့ရှိ တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ရောက်ရှိ၍ အဆိုပါဦးစီးဌာနခန်းမ၌ ပြန်ကြားရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ အမှာစကားပြောကြားသည်။

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမတွင် တောင်ငူခရိုင်ရှိ ပြန်ကြားရေးဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဖြည့်ဆည်းဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ပြန်ကြားရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ ဝန်ထမ်းများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကိုတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုအချိန်အခါတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့ဌာနများအတွက် သတ်မှတ်ထားသောလုပ်ငန်းများ၊ နိုင်ငံတော်၏ ရည်မှန်းချက်တာဝန်များ၊ စီမံကိန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် တာဝန်ကျေပွန်အောင်လည်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ကျေပွန်အောင်ဆိုရာတွင် ပုံမှန်လုပ်ရိုးလုပ်စဉ်ဖြင့် တာဝန်ကျေပွန်သည်ဟု မသတ်မှတ်ကြောင်း၊ လုပ်စရာမကျန်တော့အောင်ဆောင်ရွက်မှသာ တာဝန်ကျေပွန်သည်ဟု သတ်မှတ်ပါကြောင်း၊ သို့ပါ၍ ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ ဌာနအလိုက်ဖြစ်စေ ထိုကဲ့သို့ဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ဝန်ထမ်းများအနေဖြင့်ခိုင်ခိုင်မာမာ ထိန်းသိမ်းရေး၊ အိမ်နောက်ဖေးဈေးဆိုင်တည်ဟူသော မြန်မာဆိုရိုးစကားနှင့်အညီ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးတို့ကို အပြည့်အဝမဖြစ်မနေ လုပ်ဆောင်ကြရန်လိုကြောင်း၊ ဝိသမလောဘသားများက ထုတ်လွှင့်သည့် ကောလာဟလများ၊ လှုန့်လုံးများကို မယုံကြည်ဘဲ အစိုးရိမ်မကြီးဘဲ မှန်မှန်ကန်ကန် သုံးသပ်ဆောင်ရွက်ကြရန်လည်း အရေးကြီးကြောင်း။

ချေမှုန်းတိုက်ဖျက်

၎င်းအပြင် ယခုအခါ ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံတော်အား သုံးဘက်သုံးတန်ညှပ်တိုက်နေခြင်းများကို ပြည်သူ့သဘောထား လေးရပ်နှင့်အညီ ချေမှုန်းတိုက်ဖျက်ပြီး နိုင်ငံတော်၏မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးကို ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသွားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တောင်ငူမြို့ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုပ်မြင်သံကြား ထုတ်လွှင့်မှုလုပ်ငန်းများနှင့် စက်ရုံအတွင်း မြေလွတ် မြေရိုင်းများ၌ ဟင်းသီးဟင်းရွက်၊ သီးပင်စားပင်များ စိုက်ပျိုးဆောင်ရွက်ရန် မှာကြားသွားသည်။ (သတင်းစဉ်)

YMBAအသင်း ရာပြည့်ပွဲ ကဗျာဆုရသူ စာရင်းထုတ်ပြန်

ရန်ကုန် မေ ၈

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့် ပွဲတော်အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ဆုရသူစာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီမှ ထုတ်ပြန်ရာ ဦးထွန်းရွှေ(ရဲအောင်) သာကေတ(တတိယဆု)၊ ဦးငွေထွဏ်း (ရာပြည့်-တောင်ကြီး) ဘားအံမြို့ (နှစ်သိမ့်ဆု)၊ ဦးတင်ထွဏ်းအုန်း (မောင်ညီလွင်) ဘားအံမြို့ (နှစ်သိမ့်ဆု)၊ နန်းစောညွန့်(စောငယ်ငယ်-မိုးညှင်း) ဟိုပင်မြို့ (နှစ်သိမ့်ဆု)၊ ဦးငွေစိုး(ခြိမ့်ခိုင်) မအူပင်မြို့ (နှစ်သိမ့်ဆု) တို့ ရရှိကြသည်ဟုသိရသည်။ (၂၃)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ထန်းသုံးပင်စခန်းတွင် ပျိုးထောင်အောင်မြင်နေသော ကြက်ဆူပျိုးပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် မေ ၇ ရက် မွန်းလွဲပိုင်းတွင် ထုတ်လုပ်ရေးဌာနက ပျိုးထောင်စိုက်ပျိုးထားသော အစေ့စိုက်ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်အောင်မြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဝွေးတောက်အိုင်ကျေးရွာအုပ်စု မြေနီကွင်းကျေးရွာအနီးရှိ ထန်းသုံးပင်စခန်းသို့ ရောက်ရှိလာရာ ကော်မတီဝင် ဦးညီညီ၊ ထုတ်လုပ်ရေးဌာနမှ ဌာနမှူး ဦးကျော်ဝင်းတို့က ထန်းသုံးပင်စခန်းတွင် စိုက်ပျိုးရန် ပျိုးထောင်ထားပြီး အောင်မြင်ဖြစ်ထွန်းရှင်သန်နေသည့် ကြက်ဆူပင်ပေါက် သုံးသိန်းကို လိုက်လံရှင်းလင်းပြသကြသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ကြက်ဆူပျိုးပင်ငယ်များကို အစဉ်မပြတ် ဂရုတစိုက်ကြည့်ရှုသွားရန် မှာကြားပြီးနောက် လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာအုပ်စု၊ ရေနက်ကြီးစိုက်ကွင်းမြေဧက ၁၃၀၀၌ ကြက်ဆူအစေ့စိုက်ပျိုးနည်းဖြင့် ကြက်ဆူပင်များ စိုက်ပျိုးရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ယခုနှစ်တွင် မြေဧက ၃၅၀၀၌ ခြံစည်းရိုးကြက်ဆူပင် ၄၂၀၀၀၀၀ အောင်မြင်ပြီးစီးအောင် စိုက်ပျိုးသွားမည်ဖြစ်ပြီး စီမံကိန်းသုံးနှစ်ကာလတွင် စိုက်ဧက ၁၂၀၀၀ ၌ ခြံစည်းရိုးကြက်ဆူပင်ပေါင်း ၁၄၄၀၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။ (၁၉)

တရားစီရင်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၈

ရန်ကုန်တိုင်းတရားသူကြီး ဦးအောင်ငွေသည် မေ ၆ ရက် နံနက် ၁၀ နာရီက ဗဟန်း၊ ကြားတောရလမ်းရှိ တရားရုံးချုပ် ခမ္မာရုံတွင် ရန်ကုန်တိုင်းတရားရုံးမှ တွဲဖက်တိုင်းတရားသူကြီးများနှင့် တိုင်းအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးအဆင့်အားလုံးနှင့် တွေ့ဆုံပြီး တရားစီရင်ရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းတရားသူကြီးဦးအောင်ငွေက နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်နေသည့် မူဝါဒလုပ်ငန်းစဉ်များကို သိရှိခံယူကျင့်သုံးရေး၊ တရားစီရင်ရေးလုပ်ငန်းများတွင် အဓိကတာဝန်ရှိသူ တရားသူကြီးများက တရားစီရင်ရေးနှင့် တရားရုံးများအပေါ် အများပြည်သူ လေးစားယုံကြည်မှုရရှိအောင် ဆောင်ရွက်ကြရေး၊ မှုခင်းများကို တရားဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ကြရေး၊ လာဘ်ပေးလာဘ်ယူ အဂတိကင်းရှင်းရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ **(ဓဲပုံ)** (ကြေးမုံ)

မြန်မာနိုင်ငံ သူနာပြုအသင်း

၂၀၀၆ ခုနှစ်
အပြည်ပြည်ဆိုင်ရာသူနာပြုနေ့

Safe Staffing Saves Lives

ပြုနအင်အားပြည့်ဝမှ – လုံခြုံစိတ်ချပြည်သူ့ဘဝ

၂၀၀၆ ခုနှစ် မေလ(၁၂)ရက်
သူနာပြုတက္ကသိုလ်(ရန်ကုန်)

✳ ရှေ့ဖုံးမှ

ကျောက်မျက်ရတနာ တူးဖော်ရောင်းချသည့်လုပ်ငန်းသည် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိသည့် လုပ်ငန်းဖြစ်ပြီး နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်လည်း အကျိုးရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်အတွက် အကျိုးများသည့် လုပ်ငန်းကြီးနှင့်ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအနေဖြင့် စဉ်းစား၊ ဆွေးနွေး၊ ဆုံးဖြတ်ရာတွင် နှောင့်နှေးဖင့်နွဲခြင်းမရှိဘဲ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

ယခုအချိန်တွင် ကျောက်မျက်၊ ကျောက်စိမ်းဈေးကွက် တိုးတက်ဖွံ့ဖြိုးနေပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများက မိမိတို့နိုင်ငံ၏ ကျောက်မျက်ရတနာပြပွဲများကို စိတ်ဝင်စားအာရုံစူးစိုက်လာကြကြောင်း။

မိမိတို့နိုင်ငံကလည်း ကျောက်မျက်ရတနာ ထုတ်လုပ်မှုနှင့် ရောင်းချမှုကို ဟန်ချက်ညီညီ ဆောင်ရွက်ကြရန်လိုကြောင်း၊ ရတနာထုတ်လုပ်မှုလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကြီးမားသည့်အပြင် ခက်ခဲပင်ပန်းစွာ လုပ်ကိုင်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာများကို ထိုက်တန်သည့်တန်ဖိုး ရရှိစေရန်နှင့် မြန်မြန်ဆန်ဆန် ရောင်းချရစေရန် နိုင်ငံတော်က စီစဉ်ပေးသွားရမည်ဖြစ်ကြောင်း၊ ယခင်က တစ်နှစ်လျှင်နှစ်ကြိမ်၊ သုံးကြိမ် သတ်မှတ်ရောင်းချခဲ့သော်လည်း ထုတ်လုပ်မှုအပေါ် အခြေခံ၍ အချိန်သတ်မှတ်မှုမထားဘဲ ကျောက်မျက်ရတနာပြပွဲများကို လိုအပ်သကဲ့သို့ ပြုလုပ်ရောင်းချသွားရန်ဖြစ်ကြောင်း။

ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်မယွင်းရေးကို အထူးဂရုပြု လုပ်ကိုင်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ထားသည်နှင့်အညီ သတ္တုတွင်းဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များက ကြပ်မတ်ပေးသွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ကျောက်မျက်ရတနာ လုပ်ငန်းများမှ နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့က ဝင်ငွေရရှိမှုအခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲများမှ နှစ်အလိုက် ရောင်းချရရှိငွေအခြေအနေ၊ မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ဈေးကွက် တိုးတက်လာမှု အခြေအနေ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိက အကျိုးတူဆောင်ရွက်လျက်ရှိသော ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာလုပ်ငန်းများ အခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြသည်။

လျာထားစီစဉ်မှုများတင်ပြ

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်မှု၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ တူးဖော်လုပ်ကိုင်ခွင့်ပြုမှုနှင့် ကျောက်မျက်ရတနာ ပြပွဲများခင်းကျင်းပြသရန် လျာထားစီစဉ်မှုများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ရေအားလျှပ်စစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်လိုက်ပါလျက် မန္တလေးတိုင်း ပျဉ်းမနားမြို့၏ အရှေ့ဘက်၊ လက်ရှိပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် မိုင် ၃၀ ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ မေ ၅ ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီးနောက် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ တမံအူလမ်းကြောင်းဖော်ထုတ် ရှင်းလင်းခြင်းလုပ်ငန်း၊ ရေလွှဲဥမင်တူးဖော်ခြင်းလုပ်ငန်းနှင့် ချဉ်းကပ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းမှ တာဝန်ရှိသူများအား လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးမေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပိုမိုထုတ်လုပ်နိုင်

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသည် လက်ရှိ ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်မှုအတွက် လိုအပ်သော ရေပမာဏ ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် လက်ရှိပေါင်းလောင်းဆည် ရေဝင်ရောက်မှုကို ရေကူပေးနိုင်ရန် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၀ ရှိ စက်နှစ်လုံး တပ်ဆင်၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၄၁၁ သန်းခန့် ထုတ်လုပ်နိုင်မည့်အပြင် အထက်ပေါင်းလောင်းရေလှောင်တမံတွင် ရေသိုလှောင်ထိန်းသိမ်းမှုကြောင့် လက်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ ၉၁၁ သန်း ထုတ်လုပ်နေရာမှ နှစ်စဉ် ၉၆၉ ကီလိုဝပ် နာရီသန်းပေါင်း အထိ ပိုမိုတိုးတက် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် နမ်ချိုရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိ၍ နမ်ချိုရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် မြေနေရာရှင်းလင်း ဖော်ထုတ်ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်မည့် နေရာ၊ တမံအူကြောင်း လမ်းကြောင်း ရှင်းလင်းဖော်ထုတ်ခြင်း လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မဂ္ဂါဝပ် ၄၀

နမ်ချို ရေအားလျှပ်စစ်စီမံကိန်းသည် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၂ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်အတွင်း စီးဝင်သော နမ်ချိုချောင်းပေါ်၌ တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်ပြီး စုစုပေါင်းတပ်ဆင်မည့် တာမှုအရ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက လက်ရှိ ပေါင်းလောင်းဆည် ရေဝင်ရောက်မှုကို ရေကူပေးနိုင်မည့်အပြင် နိုင်ငံတော်၏ လက်ရှိဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ဝန်ကြီးသည် မေ ၇ ရက် မွန်းလွဲပိုင်းတွင် ၂၃၀ ကေဗွီ မြောင်းတကာ–လှိုင်သာယာ–ရေကြည် (အသုတ်) မဟာ ဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းအပိုင်း လှိုင်မြစ်ကျော် (ထန်းတပင်) ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းစခန်း (ထန်းတပင်)သို့ ရောက်ရှိ၍ စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ပန်းလှိုင်မြစ်နှင့် လှိုင်မြစ်တို့ ဆုံရာနေရာ၌ မြစ်ကျော် ဓာတ်အားလိုင်းဆွဲရန်အတွက် တာဝါတိုင် တပ်ဆင်ပြီးစီးမှုအခြေအနေ၊ မြစ်ကျော် ဓာတ်အားလိုင်းဆွဲရန် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို အသေးစိတ်လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

အခြေခံပညာကဏ္ဍ ဆရာ၊ ဆရာမများ ပြုစုပျိုးထောင်ပေးရေးတွင် ပညာရေးကောလိပ်များသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိ

ရန်ကုန် မေ ၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မော်လမြိုင်ပညာရေးကောလိပ်မှ ဆရာ၊ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို မေ ၆ ရက် မွန်းလွဲ ၁ နာရီခွဲ တွင် မော်လမြိုင်ပညာရေးကောလိပ်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ရှေးဦးစွာ မော်လမြိုင် ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ယဉ်ယဉ်မြတ်က ပညာရေးကောလိပ်၏ သမိုင်းအကျဉ်း၊ သင်တန်းများဖွင့်လှစ်ပို့ချမှု အခြေအနေနှင့် ပို့ချပေးသော ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အခြေခံပညာကဏ္ဍ ဆရာ၊ ဆရာမများအဖြစ် ပြုစုပျိုးထောင်ပေးရေးတွင် ပညာရေးကောလိပ်သည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ ပညာရေးကောလိပ်မှ ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဌာနဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးကောလိပ်၌ တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား ပညာသီလာခန်းမ၌ တွေ့ဆုံပြီး ဆရာ၊ ဆရာမများ အရည်အသွေး မြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများ ထိရောက်စွာ အသုံးပြုရေး၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာရေး၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ မော်လမြိုင်မြို့နယ်ရှိ အခြေခံပညာကျောင်းအုပ်ကြီးများ တွေ့ဆုံပွဲ အခမ်းအနားကို ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲ တွင် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများ ထိရောက်စွာ အသုံးပြုရေး၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာရေး၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း မော်လမြိုင်ပညာရေးကောလိပ်မှ ဆရာ၊ ဆရာမနှင့်တွေ့ဆုံပွဲတွင် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ပညာရေး)

ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မော်လမြိုင်တက္ကသိုလ်မှ ဆရာ၊ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယင်းနေ့ ညနေ ၄ နာရီတွင် မော်လမြိုင်တက္ကသိုလ် ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက လူသားအရင်းအမြစ်များ မွေးထုတ်ရာတွင် ပညာရေးကဏ္ဍသည် အဓိကကျခြင်းကြောင့် ဆရာ၊ ဆရာမများ အရည်အသွေး မြင့်မားအောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဆရာ၊ ဆရာမများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပဲခူးဒီဂရီကောလိပ်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေး၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးမှာကြားသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့သည် ယနေ့နံနက် ၁၁နာရီတွင် လှည်းကူး ပညာရေးကောလိပ်သို့ ရောက်ရှိပြီး သင်တန်းသား၊ သင်တန်းသူများ သင်ကြားနေမှု၊ သိပ္ပံလက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။ (သတင်းစဉ်)

➪ ဒေသနှင့်ကိုက်ညီမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များအား သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးပန်အောင်က ဘော်တွင်းသတ္တုတွင်း၏ လုပ်ငန်းပိုင်းဆိုင်ရာများကို ပဏာမ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် ၁၉၈၀ ပြည့်နှစ်မှ စတင်၍ မြေပေါ်သတ္တုရိုင်းကို ဟင်းလင်းပွင့်နည်းဖြင့် တူးဖော်လျက်ကြိတ်ခွဲသန့်စင်နိုင်ရန် တည်ဆောက်ခဲ့သော ဘော်တွင်းသတ္တုရိုင်းသန့်စင်ရေးစက်ရုံသို့ ရောက်ရှိကြရာ ဒုတိယအထွေထွေမန်နေဂျာ ဦးတင်မောင်က ယင်းစက်ရုံ၌ သတ္တုသန့်စင်ခဲမှုန့်၊ သွပ်မှုန့်အဖြစ် အဆင်ဆင့် သန့်စင်ထုတ်လုပ်ပုံတို့ကို ရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော်အကျိုးစီးပွားများအတွက် အကြံကောင်း၊ ဉာဏ်ကောင်းထုတ်၍ စေတနာထားပြီး လုပ်ငန်းတာဝန်များကို လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ စံချိန်စံညွှန်းမီ သန့်စင်ပြီး ငွေစင်နှင့် ခဲစင်များ ထုတ်လုပ်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ကြရေး အလေးထား လုပ်ဆောင်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် မန်တုံ-နမ္မတူ-လားရှိုးလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နမ္မတူသတ္တုတွင်းရိပ်သာသို့ ရောက်ရှိကြပြီး သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးအောင်ဝင်းက တူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေမှုကိုရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာပါပါဖြင့် လက်တွဲညီညီဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များအား နမ္မတူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမှူးကြည်က မြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်အပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ဒေသ၏ မြေအနေအထား၊ ရာသီဥတုနှင့် ကိုက်ညီသော သီးနှံနှင့် ဈေးကွက်ရှိသော ရော်ဘာကို ပုဂ္ဂလိကလုပ်ငန်းရှင်များ စမ်းသပ်စိုက်ပျိုးကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ရန်လိုကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများသည် လုပ်ငန်းကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဝမ်းစာ ဖူလုံရေးအတွက်လည်း စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထက်သန်စွာ အကြံကောင်း ဉာဏ်ကောင်းများဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် နမ္မတူ-လားရှိုးလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာလာပြီး ကျောက်မဲခရိုင် နမ္မတူမြို့ မန်စံကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပျိုးပင် ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးခြင်း အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နမ္မတူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းဖူးကြည်က ခြံစည်းရိုးကြက်ဆူပင် ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးခြင်း အခမ်းအနားကျင်းပရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မန်စံကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတာစိမ်း၊ ဒေသခံ တိုင်းရင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့က စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ဒေသခံ တိုင်းရင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မန်စံကျေးရွာအနီး လမ်းဘေးဝဲ/ယာ၌ တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး သီးပွင့်စပြုနေသည့် ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုလေ့လာရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ယင်းကြက်ဆူပင် မျိုးကောင်းမျိုးသန့်မှ ရရှိသည့် ရင့်မှည့်ကြက်ဆူစေ့များဖြင့် ထပ်ဆင့်မျိုးပွား၍ စိုက်ဧကကို ဆက်လက်တိုးချဲ့စိုက်ပျိုးသွားရန်နှင့် မျိုးများဖြန့်ဝေပေးရန် တာဝန်ရှိသည်များအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် နမ္မတူ-လားရှိုးလမ်းအတိုင်း ဆက်လက်ထွက်ခွာလာကြပြီး လမ်းဘေးဝဲ/ယာရှိ နွေစပါးနှင့် ခြံစည်းရိုး ကြက်ဆူပင်များ ဖြစ်ထွန်းအောင်မြင်မှုများနှင့် လမ်းတံတားအခြေအနေတို့ကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကြကာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိ ရပ်နားကြသည်။ (သတင်းစဉ်)

● SNLD မှ

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ မေ ၇ ရက်တွင် နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြားခဲ့သည်။

သီပေါမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့ခဲ့သော အဆိုပါ သီပေါမြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ပေးပို့ခဲ့သည့် စုပေါင်း နုတ်ထွက်လွှာတွင် ၎င်းတို့သည် သီပေါမြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်သို့ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ စတင်ဝင်ရောက်ခဲ့ပြီး ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားနှင့် ၎င်းတို့၏ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုကူညီပံ့ပိုးသွားမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းပါဝင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း SNLD အဖွဲ့ချုပ်၏ လက်ရှိလှုပ်ရှားနေမှုများမှာ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်နွယ်နေသကဲ့သို့ အဖွဲ့ချုပ်၏ လုပ်ရပ်များမှာလည်း နယ်မြေဒေသ မတည်မငြိမ်ဖြစ်စေရန်၊ တိုင်းရင်းသားအချင်းချင်း သွေးကွဲစေရန်၊ အချင်းချင်း မသင့်မတင့်ဖြစ်စေရန် ရှေးရှုဆောင်ရွက်နေသည့် အနေအထားသို့ ရောက်ရှိနေသည်ကို မြင်တွေ့နေရပါကြောင်း၊ ထို့အပြင် SNLD ပါတီ(ဗဟို)အနေဖြင့် ဒေသခံ တိုင်းရင်းသားများအား လူမျိုးရေးဝါဒများ အတင်းရိုက်သွင်းပြီး အမြင်ကျဉ်းမြောင်းသော စိတ်ထားဖြစ်ပေါ်စေရန် လုပ်ဆောင်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြိုကွဲစေရန် ကြိုးပမ်းလုပ်ဆောင်နေကြောင်း၊ တိုင်းရင်းသားလူငယ်များအတွင်း လူတိုင်းစာတတ်မြောက်မှုကို အားမပေးသည့်အတွက် ဒေသတွင်းဖွံ့ဖြိုးမှု အားနည်းနေသည်ကို မျက်ဝါးထင်ထင် တွေ့ရှိနေရပါကြောင်း၊ ၎င်းတို့အနေဖြင့် လက်ရှိ SNLD ပါတီတွင် ပါဝင်ပြီး ပါတီတာဝန်များကို ဆောင်ရွက်နေသော်လည်း SNLD ပါတီ(ဗဟို)၏ အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆန့်ကျင်၍ အတ္တကြီးမားစွာ ဖော်ဆောင်လုပ်ကိုင်နေသည့် လွဲမှားသော လမ်းမှားလုပ်ရပ်များကို တွေ့မြင်နေရသည့်အတွက် စိတ်ပျက်နေပြီဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ အေးချမ်းစွာ စိုက်ပျိုးစားသောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ ကလေးများအတွက် ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာနှင့် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်သွားလိုသဖြင့် ၎င်းတို့ဆောင်ရွက်နေသော သီပေါမြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ လည်းကောင်း၊ SNLD ပါတီဝင်အဖြစ်မှ လည်းကောင်း၊ ပါတီတာဝန်များမှ လည်းကောင်း၊ ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းနှင့် ကျင်းပနေသော အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပါကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ရာ၌လည်း လိုက်လံ့စွာ ထောက်ခံပါကြောင်းဖြင့် ဖော်ပြထားသည်။

သီပေါမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်သည် မူလက အလုပ် အမှုဆောင် အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းထားခဲ့ရာ ယခုအခါ ဥက္ကဋ္ဌ ဦးစိုင်းငို့ကွမ်းအပါအဝင် အဆိုပါ အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၀ ဦးလုံး နုတ်ထွက်လွှာများ ပေးပို့နုတ်ထွက်သွားကြပြီဖြစ်သည်။ (သတင်းစဉ်)

ဗြိတိန်နှင့် အမေရိကန်သံရုံးများ သံတမန်ကျင့်ဝတ်များကို ဖောက်ဖျက် မြန်မာ့ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်ပူးပေါင်း၍ သင်တန်းများ ဖွင့်လှစ်လျက်ရှိ

လူငယ်စာနယ်ဇင်းသမားများကို ၎င်းတို့စိတ်ကြိုက် အရောင်ဆိုးနိုင်ရန် ဖွင့်သည့်သင်တန်းဖြစ်

ရန်ကုန် မေ ၈

အနောက်နိုင်ငံကြီးအချို့မှ သံရုံးဝန်ထမ်းအချို့သည် ၎င်းတို့၏အကျိုးစီးပွားအတွက် မိမိတို့၏ပြည်တွင်းရေးကိစ္စများတွင် ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်လျက်ရှိသည်။ သံတမန်ကျင့်ဝတ်များကို ဖောက်ဖျက်ပြီး မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်ကြသည်။ ခြယ်လှယ်စွက်ဖက်နိုင်ရေးအတွက်လည်း နည်းလမ်းမျိုးစုံကို အသုံးချကြသည်။ အထူးသဖြင့် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ မိမိတို့နိုင်ငံ၏ တည်ငြိမ်မှုပျက်ပြားအောင်၊ အေးချမ်း သာယာမှုများကို ဖရိုဖရဲဖြစ်အောင်၊ ဖွံ့ဖြိုးတိုးတက်မှုများကို တုန့်နှေးသွားအောင် နည်းမျိုးစုံသုံးလာကြသည်။ စွက်ဖက်ခြေရှုပ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် နည်းလမ်းများ၌ တရားမဝင် သင်တန်းဖွင့်ခြင်းများလည်း ပါဝင်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ဗြိတိန်နှင့် အမေရိကန်သံရုံးများနှင့် ဆက်သွယ်၍ NLD ပါတီဝင်များအား အခမဲ့ သင်ကြားပေးရန် ညှိနှိုင်းသဘောတူညီချက်ရရှိကာ ၎င်းတို့၏ပါတီဝင်များအား ဗြိတိသျှသံရုံးနှင့် အမေရိကန်စင်တာတို့၌ ဖွင့်လှစ်သော သင်တန်းများသို့ တက်ရောက်စေလျက်ရှိကြောင်း သိရှိရသည်။

ဗြိတိသျှသံရုံးတွင် အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်းနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး သင်တန်းနှစ်မျိုးကိုလည်းကောင်း၊ အမေရိကန်စင်တာတွင် အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်း၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးသင်တန်းနှင့် ကမ္ဘာလုံးဆိုင်ရာ နည်းပညာဖြန့်ကြက်မှုသင်တန်း သုံးမျိုးတို့ကိုလည်းကောင်း ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါ သင်တန်းများသို့ သာမန်အရပ်သားများ တက်ရောက်လိုပါက ဝင်ခွင့်စာမေးပွဲ အောင်မြင်မှ တက်ရောက်ခွင့်ရှိကာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ခန့် သင်တန်းကြေးပေးရကြောင်း၊ NLD ပါတီဝင်ဖြစ်ပါက သင်တန်းကြေးပေးရန် မလိုကြောင်း၊ သီးခြားသင် ကြားပေးကြောင်း၊ သင်တန်းတက်ပြီးသူ ဒုတိယတန်းခေါင်းဆောင်များကို နောင်တစ်ချိန်တွင် NLD ပါတီမှ ဖွင့်လှစ်မည့် ပြန်ကြားရေးဆပ်ကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီတို့တွင် တာဝန်ပေးရန်အတွက် ရည်ရွယ်၍ တက်ရောက်စေခြင်းဖြစ်ကြောင်း၊ ထို့အပြင် NLD ပါတီဝင် လူငယ်များအတွင်း ထပ်ဆင့်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ရည်ရွယ်၍ တက်ရောက်စေခြင်းလည်း ဖြစ်ကြောင်းလည်း သိရသည်။

Professional Development Programme-2 သင်တန်းကို အမေရိကန်သံရုံး ပြန်ကြားရေးဌာန၌ ၁၄-၆-၂၀၀၅ ရက်က သီးခြား စတင် ဖွင့်လှစ်လျက်ရှိပြီး ယင်းသင်တန်းသို့ NLD ပါတီမှ ဦးဟန်သာမြင့်၊ ဒေါက်တာ အောင်မိုးညို၊ ဦးထွန်းမြိုင်၊ ဦးသိန်းဇံ၊ ဦးစိုးဝင်း၊ ဒေါ်အေးအေးမာ၊ ဒေါက်တာ သန်းဝင်း၊ ဦးဝင်းသောင်း၊ ဦးကျော်ဟိုး၊ ဒေါ်သန်းငွေနှင့် ဦးဇော်ဘွဲ့တို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ဗြိတိသျှသံရုံးက ၂၂-၉-၂၀၀၅ ရက်တွင် စတင်ဖွင့်လှစ်သော သင်တန်းတွင်လည်း NLD ပါတီမှ ဦးဟန်သာမြင့် အပါအဝင် သင်တန်းသား ၁၁ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ ၎င်းသင်တန်းတွင် သင်ရိုးညွှန်းတမ်း စနစ်တကျ ဆွဲမထားဘဲ အင်္ဂလိပ်စကားပြောသင်ခန်းစာ၊ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရမှု၊ ကမ္ဘာ့နိုင်ငံအသီးသီး၌ လာဘ်စားမှု၊ ကွန်ပျူတာ၊ အင်တာနက်သတင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးစနစ်၊ အင်အားနည်းနိုင်ငံများ၌ လူ့အခွင့်အရေးနှင့် ဥပဒေချိုးဖောက်မှုတို့ကို သင်ကြားပို့ချခဲ့ကြသည်။

၎င်းသံရုံးများ၌ ဖွင့်လှစ်သည့် သင်တန်းများမှာ မြန်မာစာနယ်ဇင်းလောကမှ လူငယ်အချို့ကို သကာရည်အုပ်ထားသည့် ဆေးခါးကြီးတိုက်သကဲ့သို့ ဖြစ်သည့်အတွက် မီဒီယာအဆိပ်အတောက်ဟု ခေါ်နိုင်ကြောင်း။ အထူးသဖြင့် စာနယ်ဇင်းလောကသို့ ယခုမှ ဝင်ရောက်စဖြစ်သည့် အတွေ့အကြုံ မရှိသေးသော အဖြူထည် လူငယ်စာနယ်ဇင်းသမားများအား ၎င်းတို့စိတ်ကြိုက် အရောင်ဆိုးနိုင်ရန် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းဖြစ်ကြောင်း သိရှိရသည်။

ယင်းသင်တန်းများ၌ တက်ရောက်ခဲ့သည့် NLD လူငယ်များ၏ အင်္ဂလိပ်စာ အခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်းမရှိဘဲ ၎င်းတို့က မြန်မာနိုင်ငံ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည်တို့မှ သိလိုသည်များကို အမြတ်ထုတ်ယူသွားသည့် သင်တန်းများသာဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ သံရုံးများအနေဖြင့် NLD ပါတီနှင့် ပူးပေါင်း၍ တရားမဝင် သင်တန်းများ ဖွင့်လှစ်ပို့ချနေခြင်းသည် သံတမန်ကျင့်ဝတ်ကို ဖောက်ဖျက်ပြီး မြန်မာ့ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေခြင်းသာဖြစ်ကြောင်း တွေ့ရှိရသည်။

(သတင်းစဉ်)

❊ ပန်းကန်ပြားပျံမှ

ယူအက်ဖ်အိုဆိုသော အမျိုးအမည်မသိ ပျံသန်းနေသော အရာဝတ္ထုများ တွေ့သည်ဆိုသော ကိစ္စမှာ အထောက်အထား ခိုင်ခိုင်မာမာ မရှိသည့် ကိစ္စသာ ဖြစ်သည်။ ဂြိုဟ်သားများ ထိုယာဉ်များနှင့် ပါလာသည်ဆိုသော အခြင်းအရာမှာလည်း ခြေခြေမြစ်မြစ်မရှိသော အကြောင်းအရာသာ ဖြစ်သည်ဟု အစီရင်ခံစာက ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာသည် ၂၀၀၀ ပြည့်နှစ်အချိန်ကတည်းက ပြုစုပြီးစီးသွားသော အစီရင်ခံစာဖြစ်သည်။ ယင်းအစီရင်ခံစာကို ဗြိတိန်နိုင်ငံအတွက်သာ လျှို့ဝှက်ဟူ၍ ချိပ်ပိတ်ပြီး မည်သူမျှ မကြည့်ရစေရန် သိမ်းဆည်းထားခဲ့သည်။ သို့ရာတွင် မကြာသေးမီအချိန်က ထိုအစီရင်ခံစာကို လျှို့ဝှက်အဆင့်မှ ပယ်ဖျက်လိုက်ပြီဖြစ်၍ လူအများသိရှိခွင့်ရသွားပြီဖြစ်သည်။

ကမ္ဘာ့လေထုအတွင်း လူများမြင်လိုက်ရသည်ဆိုသော ပန်းကန်ပြားပျံများမှာ စင်စစ်အကောင်အထည်ဟူ၍ ရှိသော အရာဝတ္ထုများ မဟုတ်ပေ။ အမှန်မှာ ထိုအရာဝတ္ထုများသည် မီဆိုစဖီးယား (mrsosphero) ခေါ် ကမ္ဘာ့လေထုအလွှာနှင့် အိုင်အိုနိုစဖီးယား (ionosphere)ခေါ် လေထုအလွှာများအတွင်း ဖြစ်ပေါ်နေသော ရူပဗေဒသဘော ပြောင်းလဲမှု၊ လျှပ်စစ်ဓာတ်သဘော ဖြစ်ပျက်မှုနှင့် သံလိုက်စက်ကွင်းအား သက်ရောက်မှုများကြောင့် ပေါ်ထွက်လာသော အမြင်မှားစရာ သဘာဝဖြစ်စဉ်များသာဖြစ်သည်ဟု ထိုအစီရင်ခံစာတွင် ဖော်ပြထားသည်ဟုဆိုသည်။ **အင်တာနက်။**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ ဆင်ဖြူရှင်တံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Happy And Eductional English Summer Course MRTV.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၅:၀၀ ၅။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅:၁၀ ၆။ "မူးလျှင်မမောင်းနဲ့၊ မောင်းလျှင်မမူးနဲ့" (လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း) (ဒါရိုက်တာ–သက်တင်)
- ၅:၁၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၆:၄၅ ၁၁။ ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲ(ဆုချီးမြှင့်ပွဲအခမ်းအနား)
- ၆:၅၅ ၁၂။ ဖွံ့ဖြိုးသာယာကပိုင်စံပြကျေးရွာ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနုနု" (အပိုင်း–၁၀)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ" (အပိုင်း–၁၂)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

အပူပိုင်းဒေသ တောင်တန်းစိုက်ခင်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၈

သစ်တောရေးရာဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မကွေးတိုင်း ချောက်မြို့နယ်ရှိ ရွှေပုံတောင် တမာစိုက်ခင်း ရှင်သန်အောင်မြင်မှု အခြေအနေကိုလည်းကောင်း၊ မန္တလေးတိုင်း ညောင်ဦးခရိုင် တုရင်တောင်၌ ကွန်တိုလိုင်းများဖြင့် တောင်စောင်းများတွင် ကျောက်စီ၍ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ မြင်စိုင်းတောင်နှင့် တောင်သာတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်းကောင်း မြင်းခြံမြို့နယ် ကုက္ကဲတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း လယ်ဝေးမြို့နယ်သို့ သွားရောက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေလူထုက တစ်တပ်တစ်အား ပါဝင်ရေး မှာကြား

ရန်ကုန် မေ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မေ ၆ ရက် မွန်းလွဲပိုင်းတွင် ပျဉ်းမနားဘူတာသို့ ရောက်ရှိပြီး ဆက်လက်၍ မြန်မာ့မီးရထား တိုင်း (၅)မှ တာဝန်ရှိသူများ၊ ပျဉ်းမနားခရိုင်နှင့် လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့လိုက်ပါ၍ လယ်ဝေးမြို့နယ် သစ်ပုတ်ပင် ကျေးရွာသို့ရောက်ရှိကြသည်။

ဝန်ကြီးသည် သစ်ပုတ်ပင်ကျေးရွာရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၅၆) သစ်စက်ခန်းမ၌ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေကို ရှင်းလင်းပြောကြားပြီး ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နယ်မြေလူထုကလည်း တစ်တပ်တစ်အား ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး မှာကြားသည်။

ဆက်လက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်စိုး၊ ရပ်မိရပ်ဖ ဦးဝင်းအောင်နှင့် ဦးအောင်ကြည်တို့က လိုအပ်ချက်များတင်ပြရာဗဟိုအလုပ်အမှုဆောင်က တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများကို ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် သစ်ပုတ်ပင်ချောင်းကူးကျေးလက်ဖွံ့ဖြိုးရေး တံတား တည်ဆောက်မည့်နေရာသို့ရောက်ရှိရာ မြန်မာ့မီးရထားတိုင်း (၅)မှ လက်ထောက် အထွေထွေမန်နေဂျာ (မြို့ပြ) ဦးသန်းဌေးက တံတားတည်ဆောက်မည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။ထို့နောက် ဗဟို အလုပ်အမှုဆောင်က လိုအပ်ချက်များမှာကြား ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည်သစ်ပုတ်ပင်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကိုလှည့်လည်ကြည့်ရှုပြီး ကျောင်းစာသင်ခန်းများ ပြုပြင်မွမ်းမံရေးအတွက် လိုအပ်သည်များ စီစဉ်ပေးသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း လယ်ဝေးမြို့နယ် သစ်ပုတ်ပင် ကျေးရွာရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၅၆) သစ်စက်ခန်းမတွင် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများအား အမှာစကား ပြောကြားစဉ်။ (မီးရထား)

ဒုတိယဝန်ကြီး ဦးမောင်မြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၈

ကိုရီးယားသမ္မတနိုင်ငံအစိုးရ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Park In-kook ၏ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပမည့် ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ကောင်စစ်ရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး နှစ်နိုင်ငံ ဒုတိယဝန်ကြီးအဆင့် ဆွေးနွေးပွဲသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၆ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဆိုးလ်မြို့သို့ ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သီဝနှင့် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ဌာနစုမှူး(၁) ဦးမြင့်စိုးတို့ လိုက်ပါသွားကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံတွင်ရှိနေစဉ် ဘူဆန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်ရုံး၏ ကောင်စစ်ရေးရာ လုပ်ငန်းများကိုလည်း သွားရောက်လေ့လာကြည့်ရှုမည်ဟု သိရသည်။ (သတင်းစဉ်)

တရားရိပ်သာဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၈

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သုမင်္ဂလာလမ်း အမှတ်(၃၅၂)ရှိ မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်ရုံးခန်းတွင် တရားရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ဇီးအုံကုန်းလမ်းနေ ဦးလေးအောင် ဇနီး ဒေါ်ခင်ခင်အေး မိသားစုက မိခင် ဒေါ်နှင်းအား အမှူးထား၍ အလှူငွေကျပ်တစ်သိန်းသုံးသောင်းကို မေ ၁ရက်က ပေးအပ်လှူဒါန်းရာ ဦးစိုးလွင် (ဘဏ္ဍာရေးမှူး)က လက်ခံရယူသည်။

(အောက်ပုံ)

အလှူရှင်များ လှူဒါန်းလိုပါက ဦးမြသောင်း (ဥက္ကဋ္ဌ) ဖုန်း-၂၉၂၀၅၀၊ ဦးစိုးလွင် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၇၂၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အဘိဓမ္မာပြန့်ပွားရေးအသင်း စာတမ်းဖတ်ပွဲ ပိတ်ပွဲကျင်းပ

ရန်ကုန် မေ ၈

အဘိဓမ္မာပြန့်ပွားရေးအသင်း နှစ်(၆၀) ပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲဒုတိယနေ့နှင့် ပိတ်ပွဲအခမ်းအနားကို မေ ၇ရက် နံနက် ၈နာရီခွဲတွင် ဗဟန်းမြို့နယ် အဘိဓမ္မရတနာဃရ (အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး)၌ကျင်းပရာ သဘာပတိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ နိုင်ငံခြားဘာသာပညာသင်ကြားရေးဌာန ကထိက(ငြိမ်း) ဦးလှသိန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အခမ်းအနားမှူး အသင်းကြီး၏အကျိုးဆောင် (စီမံ)ဦးကြိုင်မြင့် (မောင်ရန်ရှင်း)က စာတမ်းရှင်များ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

ထို့နောက် အသင်းကြီး၏ နာယကများ ဖြစ်ကြသော ဦးအုံမောင်(မောင်အုံ-မဟာဝိဇ္ဇာ၊ ဘုံဘော) နှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ရန်ကုန်တက္ကသိုလ်အရှေ့တိုင်းပညာဌာန ဂုဏ်ထူးဆောင် ပါမောက္ခ(အငြိမ်းစား) ဒေါက်တာဒေါ်ခင်သိန်းတို့က အဘိဓမ္မာတရားတော်မြတ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် စာတမ်းရှင်များဖြစ်ကြသော ဆရာဦးအောင်မွန်(မြတ်ဆုမွန်)က အနောက်နိုင်ငံသို့ အဘိဓမ္မာပြန့်ပွားခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ဆရာသူရဇော်က အဘိဓမ္မာတရားတော်ဖြစ်ပေါ်လာပုံနှင့် အခြေခံသဘောတရားများနှင့် ပတ်သက်၍ လည်းကောင်း ဖတ်ကြားကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲ ဒုတိယနေ့ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၃၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၁၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" အပိုင်း(၂၄)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက်" အပိုင်း(၂၇)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

အာဆီယံ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မေ ၈

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအကြောင်း သိကောင်းစရာများအတွက် အပတ်စဉ် စနေနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်လျက်ရှိသည်။

၂၀၀၆ခုနှစ် ဧပြီလ မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်း သိကောင်းစရာများအတွက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို မေ ၄ ရက် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြသည်။ ဖြေဆိုသူများအနက် ပထမဆုကို နန်းဟွမ်လျိုး ကျိုင်းတုံမြို့နယ် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ဒုတိယဆုကို မမေသော်တာဦး ဒဂုံမြို့နယ် ရန်ကုန်တိုင်း၊ တတိယဆုကို မအောင်အောင်နွယ် တာမွေမြို့နယ် ရန်ကုန်တိုင်းနှင့် နှစ်သိမ့်ဆုကို မထူးနန္ဒာဦး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်းတို့က အသီးသီးရရှိပြီး ဆုများကို တာဝန်ရှိသူက ပေးအပ်သည်။

ဆက်သွယ်စုံစမ်း

လစဉ် ပထမပတ်တိုင်းတွင် ကျင်းပသော အာဆီယံဉာဏ်စမ်းပဟေဠိအစီအစဉ်ကို ဝင်ရောက် ဖြေဆိုလိုကြသူ ပြည်နယ်၊ တိုင်း အသီးသီးမှ ဝါသနာရှင်များ အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

မွန်ပြည်နယ် မုဒုံမြို့နယ် ပညာသင်ထောက်ပံ့ကြေးကော်မတီသို့ ဧပြီ ၂၈ ရက်က မုဒုံမြို့နယ်နေ အင်္ဂလိပ်စာဆရာမ ဒေါ်သီသီမော်က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင် လက်ခံယူစဉ်။ (မြို့နယ်ပြန်/ဆက်)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်

ရန်ကုန် မေ ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၄ရက်မှ ၆ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ ကျင်းပခဲ့သည့် (၃၉)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ်နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နှစ်ပတ်လည်အစည်းအဝေးမကျင်းပမီ မေ ၃ ရက် နံနက် ၈နာရီခွဲတွင် Taj Residency Hotel၌ ကျင်းပသည့် အာဆီယံ+၃နိုင်ငံများ၏ အာဆီယံဘဏ္ဍာရေးနှင့်ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့သည်။ ယင်းနေ့နံနက် ၁၀နာရီခွဲတွင် Hyderabad International Convention Centre (HICC) ၌ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့လည်း မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဝန်ကြီးဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၄ရက် မွန်းလွဲ ၁နာရီခွဲတွင် Taj Residency Hotel ၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံ+၃ဘဏ္ဍာရေး ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြပြီး အာဆီယံ+၃နိုင်ငံများ၏စီးပွားရေးနှင့် မူဝါဒဆိုင်ရာကိစ္စရပ်များကို သုံးသပ်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြကာ အာရှငွေချေးစာချုပ် ဈေးကွက်အစီအစဉ် (ABMI) နှင့် ဇင်းမယ်အစီအစဉ် (CMI) ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက်ဝန်ကြီးများက ညနေ ၅နာရီခွဲတွင် ဒေသတွင်း ငွေရေးကြေးရေးတည်ငြိမ်မှုကို အထောက်အကူပြုမည့် နှစ်နိုင်ငံချင်းငွေကြေးဖလှယ်မှုအစီအစဉ် (Bilateral Swap Arrangement- BSA) အခြေခံဘောင်အပေါ် ပြင်ဆင်သည့် အပေါ်စာကို သဘောတူလက်မှတ်ရေးထိုးကြပြီး အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများက ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ကြေညာခဲ့ကြ၍ သတင်းစာရှင်းလင်းပွဲ တစ်ရပ်ပြုလုပ်ကြသည်။

(၃၉)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ်နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို မေ ၅ရက် နံနက် ၁၀နာရီတွင် Hyderabad International Convention Centre (HICC) ခန်းမ၌ ကျင်းပရာ အခြားနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့်အတူ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ယင်းဖွင့်ပွဲ အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် Dr. Manmohan Singh၊ အိန္ဒိယသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Mr. Palaniappan Chidambaram နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မေ ၆ရက် နံနက် ၉နာရီခွဲတွင် မြန်မာနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မိန့်ခွန်းပြောကြားခဲ့သည်။ လုပ်ငန်းကော်မတီ အစီရင်ခံစာများကို မွန်းလွဲ ၂နာရီခွဲတွင် ဆက်လက်၍ဖတ်ကြားဆွေးနွေးကြပြီး ၂၀၀၇ခုနှစ်အတွက် ရွေးချယ်ခံရသည့် အစည်းအဝေးသဘာပတိက အမှာစကားပြောကြားကာ ညနေ ၄နာရီခွဲတွင် (၃၉)ကြိမ်မြောက်အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ် မေ ၅ရက် နံနက် ၁၁နာရီ ၁၅ မိနစ်တွင် OPEC Fundမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ မေ ၆ရက်နံနက် ၁၁နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ Import-Export Bankမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း တွေ့ဆုံကာ နှစ်ဦးနှစ်ဖက် အကျိုးတူကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွဋ်တို့ ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အိန္ဒိယသမ္မတနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ ကျင်းပသည့် (၃၉)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (ဘဏ္ဍာ/အခွန်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပို့ချ

ရန်ကုန် မေ ၈

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျင်းပသော အခြေခံစည်းရုံးရေး သင်တန်း အမှတ်စဉ်(၂၀)နှင့်(၂၁)တို့မှ သင်တန်းသား၊ သင်တန်းသူ ၁၀၀တို့အား အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဟောပြောပို့ချသည်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လသာမြို့နယ် အမှတ်(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ခရိုင် ပြန်/ဆက် ဒု-ဦးစီးမှူး ဒေါ်မာမာဦး၊မြို့နယ်ဦးစီးမှူးဒေါ်မူမူတင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ယနေ့အစီအစဉ်
၇:၀၅	ဝါသနာရှင်စင်မြင့်
၇:၃၅	Sunday Talk
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	မနီတို့ရွာနှင့်သစ်တော
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	ဖန်ချက်စက်ရုံ(သန်လျင်)
၉:၃၅	မိုးလေဝသခန့်မှန်းချက်
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀	အပြည်ပြည်ဆိုင်ရာ ဈေးရောင်းပွဲတော် (International Bazzar)
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ခေတ်မီလှပနေထိုင်ဖို့ တိုက်လှလှလေးဆောက်ကြစို့
၁၀:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	ဆူနာမီရေလှိုင်းကာကွယ်ရေး အကြောင်းသိကောင်းစရာ (ပထမပိုင်း)
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်း
၁၁:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅	အဆိုကျဖို့ အဆိုချစို့
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။



မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဆက်လက်ဖြစ်ပေါ်နိုင်

၂၀၀၆ ခုနှစ် မေ ၈ ရက် မွန်းလွဲ ၂ နာရီထုတ်ပြန်ချက် ယနေ့နံနက် ၉:၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက ရှမ်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့်ပဲခူးတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်၊မန္တလေးတိုင်းတွင် ဖြစ်မြဲအောက်၆ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ညောင်ဦးမြို့၊ မင်းဘူးမြို့နှင့် အောင်လံမြို့တို့တွင် ၃၉ဒီဂရီစင်တီဂရိတ်ဖြစ်သည်။မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သီပေါမြို့တွင် ၁ဒသမ၇၇လက်မ၊ မိတ္ထီလာမြို့တွင် ၁ဒသမ၄၁လက်မနှင့် နေပြည်တော်မြို့တော်တွင် ၀ဒသမ၉၁လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

၂၀၀၆ ခုနှစ် မေ ၉ ရက် ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၅ ဒသမ ၉ ဒီဂရီစင်တီဂရိတ် (၉၇ ဒီဂရီဖာရင်ဟိုက်)

၇-၅-၂၀၀၆

အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်)

၈-၅-၂၀၀၆

၀၉:၃၀နာရီအချိန် စိုထိုင်းဆ ၇၅ ရာခိုင်နှုန်း ၈-၅-၂၀၀၆

နေပူသည့်နာရီပေါင်း ၉ ဒသမ ၈ နာရီခန့် ၇-၅-၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၈-၅-၂၀၀၆	မရှိ	၅မမ(၀ဒသမ၂၀လက်မ)	၂မမ(၀ဒသမ၀၈လက်မ)
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	(၅ ဒသမ ၅၁ လက်မ)	(၅ ဒသမ ၈၇ လက်မ)၊	(၆ ဒသမ ၈၅ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၇-၅-၂၀၀၆ ရက် ၁၅:၀၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ခုနစ်မိုင်နှုန်း တိုက်ခတ်သည်။

စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ညောင်ရေသွန်းပွဲတော်ကျင်းပမည်

ရန်ကုန် မေ ၈

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၌ ဂေါပကအဖွဲ့က ကြီးမှူး၍ အဌမအကြိမ် ညောင်ရေသွန်းပွဲတော် အခမ်းအနားကို (ကဆုန်လပြည့်နေ့) မေ ၁၁ ရက် နံနက် ၉ နာရီတွင် စွယ်တော်မြတ် စေတီတော် တောင်ဘက်ရှိ မဟာဗောဓိပင်၌ ကျင်းပမည်ဖြစ်ရာ ညောင်ရေသွန်းလောင်းလိုကြသော ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများသည် စွယ်တော်မြတ်စေတီတော် မဟာဗောဓိပင်၌ ညောင်ရေတော်များ သွန်းလောင်းနိုင်ရန် စီစဉ်ထားရှိသည်။ (သတင်းစဉ်)

ရွှေပါရမီတောရ ကျောင်းလွှတ်ပူဇာသဘင်ကျင်းပမည်

ရန်ကုန် မေ ၈

သထုံမြို့ မြစိမ်းကျောင်းတိုက် ပဓာန နာယက ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့် ဒါယကာ၊ ဒါယိကာမများက သထုံမြို့ နေမိန္ဒရတောင်ခြေရှိ ရွှေပါရမီ မြစိမ်းကျောင်းတိုက်ကြီးအား ပရိယတ္တိသာသနာပြု လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးမြို့သာမဏေကျော် ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဝိစက္ခဏာလင်္ကာရာဘိဝံသအား လှူဒါန်းမည်ဖြစ်သဖြင့် (၁၃၆၈ ခုနှစ် ကဆုန်လပြည့်နေ့) မေ ၁၁ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရွှေပါရမီမြစိမ်းသာမဏေကျော် ပရိယတ္တိစာသင်တိုက် နေမိန္ဒရတောင်ခြေ သထုံမြို့တွင် ကျင်းပမည်ဖြစ်ပြီး ည ၇ နာရီတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ ယောဆရာတော်ကြီးက နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်၍ တပည့် ဒါယကာ၊ ဒါယိကာမအားလုံး ကုသိုလ်ယူကြရန် ဖိတ်ကြားထားသည်။ (က-ပ)

အောင်မြေရတနာ သုံးထပ်ကျောင်းတော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာ ကျင်းပ

ရန်ကုန် မေ ၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း (၃)လမ်း သုခမ္မာတိုက်ကြီးအတွင်း၌ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ (ဗဟန်းမြို့နယ် သံဃနာယက အကျိုးတော်ဆောင်) မဟာပဋ္ဌာန်းဆရာတော်၏ တတိယမြောက် ငွေကျပ်သိန်း ၁၄၀၀ တန် အောင်မြေရတနာ သုံးထပ်ကျောင်းတော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ယင်းကျောင်းတိုက်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ဆရာတော် အမှူးပြုသော သံဃာတော် အရှင်သူမြတ် ငါးပါး၊ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် အဖွဲ့ဝင် သံဃာတော်များ၊ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး သဒ္ဓမ္မဇောတိကဓဇ မဟာပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝါယမထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူကာ အမျှပေးဝေကြပြီး ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အောင်မြေရတနာသုံးထပ် ကျောင်းတော်ကြီး၏ ဦးဆောင်အလှူရှင်ဖြစ်သူ ဦးအောင်မင်းထွန်းနှင့် ဇနီး ဒေါ်ထွန်းအိန္ဒြာဗိုတို့က ရွှေမိုးငွေမိုး ရွာသွန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (ကြေးမုံ)

သင်တန်းဆရာများ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ (၂၀၀၆) ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၈

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများအတွက် အာဆီယံ လူ့စွမ်းအားဗဟိုဌာန၏ လမ်းညွှန်မှုအရ သင်တန်းဆရာများ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ (၂၀၀၆) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးညွန့်ဆွေနှင့် ဦးလှမြင့်ဦး၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး)ပါမောက္ခချုပ် ဦးဝင်းမောင်နှင့် ကော်မတီဝင်များ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဖွင့်ပွဲ အခမ်းအနားတွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ် ဦးဝင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညွန့်ဆွေက အလုပ်ရုံဆွေးနွေးပွဲ၏ မျှော်မှန်းချက်နှင့် ဆွေးနွေးပွဲသို့ တက်ရောက်ကြသူများအနေဖြင့် ထားရှိရမည့်သဘောထားတို့ကို မှာကြားသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ အရာထမ်း ၇၀တို့ တက်ရောက်ကြကာ လေ့ကျင့်သင်ကြားရေးနှင့် သက်ဆိုင်သော စာတမ်းသုံးစောင်ကို ဖတ်ကြား ဆွေးနွေးကြမည်ဖြစ်သည်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

၉-၅-၂၀၀၆

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်ပအားကစားသတင်းများ

ဟိုက်ဘာရီကွင်း နှုတ်ဆက်ပွဲအဖြစ် ယှဉ်ပြိုင်ကစား အွန်နရီ၏ ဂိုးများဖြင့် အာဆင်နယ်အနိုင်ရ

လန်ဒန် မေ ၈

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်အဖြစ် ပွဲစဉ်(၃၈)ကို တနင်္ဂနွေနေ့က ကျင်းပရာတွင် အာဆင်နယ်အသင်းက ဝီဂန်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယခုနှစ် ဘောလုံးရာသီအတွက် ဟိုက်ဘာရီကွင်းတွင် နောက်ဆုံးအကြိမ်ကစားသည့် ယင်းပွဲတွင် သီယာရီ အွန်နာရီတစ်ဦးတည်းက သုံးဂိုးသွင်းယူကာ Hat Trick ရရှိသည်။

အာဆင်နယ်အသင်းသည် ယခုပွဲတွင် အနိုင်ရရှိပြီးနောက် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် စတုတ္ထနေရာ၌ အခိုင်အမာ ရပ်တည်နိုင်ပြီဖြစ်သည်။ အာဆင်နယ်အသင်းသည် လန်ဒန်မြောက်ပိုင်း ပြိုင်ဘက်အသင်းတစ်သင်းဖြစ်သော တော့တင်ဟမ်ဟော့စပါးအသင်း၏အထက်တွင် ရှိနေသည်။ စပါးအသင်းသည် ဝက်စ်ဟမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ ရပ်တည်နိုင်ပြီဖြစ်ရာ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲသို့ အလိုအလျောက် ဝင်ရောက်ခွင့်ရရှိသည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ချာလ်တန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး လီဗာပူးအသင်းနှင့် အမှတ်တစ်မှတ်သာ ကွာခြားတော့သည်။ လီဗာပူးအသင်းက ပို့စ်မောက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း အမှတ်ပေးဇယားတွင် ထူးထူးခြားခြားပြောင်းလဲမှု မရှိတော့ပေ။

ချန်ပီယံ ချယ်လ်ဆီးအသင်းသည် နယူးကာဆယ်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အာဆင်နယ်အသင်းသည် ဝီဂန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် အစောပိုင်းမှာပင် ဂိုးသွင်းနိုင်ခဲ့ပြီး ဦးဆောင်လာခဲ့သည်။ ပွဲချိန်တစ်မိနစ်တွင် အာဆင်နယ်အသင်းမှ ရောဘက်ပီရက်စ်က အနီးကပ် ကန်သွင်းခြင်းဖြင့် ဂိုးရရှိခဲ့သည်။

နောက်ထပ်နှစ်မိနစ်အကြာတွင် ဝီဂန်အသင်းက ပေါလ်ရှာနား၏ ကြိုးပမ်းမှုဖြင့် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၃၂မိနစ်တွင် ဒေးဗစ်သော်မဆင်က ဝီဂန်အသင်းအတွက် ဂိုးသွင်းနိုင်ခဲ့သည်။ ဝီဂန်အသင်း၏ ဖရီးကပ် ကန်သွင်းမှုကို အာဆင်နယ်ဂိုးသမား ဂျင်းလေမန်းကာကွယ်နိုင်ခြင်းမရှိခဲ့ပေ။ အာဆင်နယ်အသင်းသည် နှစ်မိနစ်အတွင်းမှာပင် ချေပဂိုးပြန်လည် သွင်းယူနိုင်ပြီး အနိုင်ဂိုးများကို ပွဲချိန် ၅၅ မိနစ်နှင့် ၇၅ မိနစ်တို့တွင် ပြန်လည်သွင်းယူခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အာဆင်နယ်အသင်းက ၉၃ နှစ်တိုင်တိုင် အသုံးပြုလာခဲ့သော ဟိုက်ဘာရီကွင်းတွင် နောက်ဆုံးအကြိမ် ယှဉ်ပြိုင်ကစားသည့်ပွဲ၌ အမှတ်တရ တီရှပ်အင်္ကျီများကို ရောင်းချပေးစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စတုတ္ထမြောက်ဂိုးသွင်း

အာဆင်နယ်အသင်းမှ အွန်နရီက ပြစ်ဒဏ်ဘောမှတစ်ဆင့် စတုတ္ထမြောက်ဂိုးကို သွင်းယူစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

၂၀၀၆ ခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီအပြီး ပြိုင်ပွဲဝင်အသင်းများ၏ အမှတ်ရရှိမှုအခြေအနေ

အသင်း	ရမှတ်
၁။ ချယ်လ်ဆီး	၉၁
၂။ မန်ယူ	၈၃
၃။ လီဗာပူး	၈၂
၄။ အာဆင်နယ်	၆၇
၅။ စပါး	၆၅
၆။ ဘလက်ဘန်း	၆၃
၇။ နယူးကာဆယ်	၅၈
၈။ ဘော်လ်တန်	၅၆
၉။ ဝက်စ်ဟမ်း	၅၅
၁၀။ ဝီဂန်	၅၁
၁၁။ အဲဗာတန်	၅၀
၁၂။ ဖူလ်ဟမ်	၄၈
၁၃။ ချာလ်တန်	၄၇
၁၄။ မစ်ဒယ်ဘရော့	၄၅
၁၅။ မန်စီးတီး	၄၃
၁၆။ အက်စ်တန်ဗီလာ	၄၂
၁၇။ ပို့စ်မောက်	၃၈
၁၈။ ဘာမင်ဂန်	၃၄
၁၉။ ဝက်စ်ဘရွမ်း	၃၀
၂၀။ ဆန်းဒါးလန်း	၁၅

အင်တာနက်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

အုပ်စုကကျွတ်ရေး ကြိုးပမ်းရမည့် အိုင်ဗရီကို့(စ်)



ကမ္ဘာ့ဖလား

ဘောလုံးပြိုင်ပွဲ

အကြို

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပွဲစဉ်များ မထွက်မီအထိ အိုင်ဗိုရီယန်းများက သူတို့၏ အမျိုးသားလက်ရွေးစင်အသင်း ပထမအုပ်စု ပတ်လည်မှ ကျွတ်ထွက်ပြီး ဒုတိယရှုံးထွက်အဆင့်သို့ တက်ရောက်သွားလိမ့်မည်ဟု ယုံကြည်ထားကြသည်။ သူတို့၏ အမျိုးသားလက်ရွေးစင် အသင်းသည်

အိုင်ဗရီကို့(စ်) အသင်း၏ အားထားရသည့် တိုက်စစ်မှူး ဒရော့ဘာ (ချယ်လ်ဆီး)။

ပထမဦးဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ကစားခွင့်ရသည် ဆိုသောအချက်ကိုပင် မေ့လျော့ထားလိုက်ကြသည်။

မည်သို့ပင်ဖြစ်စေ နောက်ဆုံးတွင် အိုင်ဗရီကို့(စ်) အသင်းသည် အရည်အသွေးကောင်းမွန်သော ဘောလုံးသမားများဖြင့် ပြည့်နှက်သည့် အာဖရိကအသင်းအဖြစ် အမြဲတမ်းဖော်ပြခြင်း ခံရလေ့ရှိသည်။

အာဂျင်တီးနား၊ ဟော်လန်၊ ဆားဗီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျလိုက်ပြီးနောက်တွင် အိုင်ဗိုရီယန်းတို့၏ ယုံကြည်ချက်မှာ အေးတိအေးစက်ဖြစ်သွားသည်။

"အုပ်စုကနေ ကျွတ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်သလောက် ဖြစ်သွားတယ်။ ကျွန်တော်တို့အသင်း ကံဆိုးပါတယ်ဗျာ" ဟု လက်ရွေးစင်စခန်းမှ ရှုမြင်သုံးသပ်ချက် ပေါ်ထွက်လာသည်။ နောက်တန်းကစားသမား ဆီးလ်ရစ်ဒိုမိုရောက်(ဒ်)၏ စကားကလည်း စိတ်အားတက်ကြွဖွယ်မရှိချေ။

"အုပ်စုကနေ ကျွတ်ထွက်သွားရင် ကျွတ်ထွက်သွားနိုင်ပါတယ်။ ဒါပေမယ့် အကောင်းဆုံး ကစားဖို့တော့လိုတယ်" ဟု ပြောသည်။

ပြိုင်ပွဲများတွင် နည်းစနစ်ပိုင်းဆိုင်ရာ အနေဖြင့် စိတ်ဝင်စားဖွယ်ကောင်းမည်မှာ သေချာလှပါသည်။ အာဂျင်တီးနားနှင့်ကစားမည့် ပွဲဦးထွက်ပွဲက အဆုံးအဖြတ်ဖြစ်နိုင်သည်။

အိုင်ဗိုရီးယန်းများသည် တကယ့်ကိုပင်ကို အရည်အသွေးကောင်းသောသူများဖြစ်သည်။ ဒရော့ဘာနှင့် ဒင်ဒါနီတို့အတွဲသည် တိုက်စစ်အား ကောင်းကြသည်။ ခြေစစ်ပွဲ ကာလတစ်လျှောက် သူတို့နှစ်ယောက်ပေါင်း ၁၆ ဂိုး သွင်းခဲ့သည်။ ဒင်ဒါနီ၏ အလိမ်အခေါက်ကျွမ်းကျင်မှုနှင့် တီထွင်ဖန်တီးတတ်သော စွမ်းရည်များက ဒရော့ဘာ၏ အားနှင့် လျင်မြန်မှုကို ဖြည့်စွက်ပေး

အိုင်ဗရီကို့(စ်) အသင်း၏ အောင်ပွဲခံဟန်။

သော အရာများဖြစ်သည်။ အဲရောက်နာ ခိုနီနှင့် ဘာကရီခိုနီတို့သည် ဒရော့ဘာနှင့် ဒင်ဒါနီတို့ကို နောက်မှ ပံ့ပိုးပေးနိုင်သော စွမ်းရည်ရှိသူများဖြစ်သည်။

ကွင်းလယ်၌ ခြေစွမ်းကောင်းစွာပြနိုင်သော ကစားသမားများရှိသည်။ ဒီဒိုင်ယာဇိုကိုရာဆိုလျှင် ကွင်းလယ်မှာ ဦးဆောင်ကစားနိုင်သည်။ ယာရာ

အိုင်ဗရီကို့(စ်) နည်းပြ ဟင်နရီ မစ်ရှဲလ်။

တောရီမှာလည်း တိုးတက်လာသည်။ နောက်တန်းတွင် ယာရာ၏ညီ ကိုလိုက ဦးဆောင်ကစားလိမ့်မည်။ အာဖရိကမှာ အကောင်းဆုံး နောက်တန်း ဗဟိုသမားတစ်ယောက်ဖြစ်သည်။ ဘယ်ဘက်အစွန်းမှာ "အိုင်ဗိုရီယန်း ရော်ဘာတိုကားလို့(စ်)" ဟု လူသိများသော အာသာဇိုကာရှိသည်။ တိုက်စစ်တွင် လိုက်ပါကစားရသည်ကို နှစ်ခြိုက်သူဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နောက်တန်း တောင့်တင်းခိုင်မာမှုနှင့် ပတ်သက်၍ မေးခွန်းထုတ်စရာလေးများ ရှိသည်။

ဂမ်ဆိုင်း

နောက်တန်းအတွင်း၌ ကိုလိုနှင့် တွဲဖက်ကစားနိုင်မည့်သူမှာ မည်သူနည်း။ ဤအချက်မှာ ပြဿနာတစ်ခုဖြစ်သည်။

ဂိုးသမားနေရာကို ဒဏ်ရာရနေသော ဂျိမ်းဂျက်ကွက်(စ်)တိုင်ဇီပဲ ဖြစ်ဖို့များသည်။

လောလောဆယ်တွင် အလယ်တန်းကို အထိုင်မချနိုင်သေးဘဲရှိသည်။ ခြေစစ်ပွဲ၌ ပီအက်(စ်)ဂျီမှ ဘိုနာဗန်ချာကရော့ကို ကစားကွက်ဖန်တီးသူတစ်ယောက်အဖြစ် စမ်းသပ်သုံးခဲ့ဖူးသည်။ သို့သော် စမ်းသပ်ချက်သည် မအောင်မြင်ဘဲဖြစ်ခဲ့သည်။ ထို့ကြောင့် အလယ်တန်းတွင် ကစားသမားသုံးဦး သုံးမလား၊ လေးဦးသုံးမလားဆိုသောကိစ္စကို ယခုအထိ မဆုံးဖြတ်နိုင်သေးဘဲရှိသည်။ အုပ်စုကျပ်ဖြစ်သောကြောင့် နည်းပြသည် အလယ်တန်း၌ ကစားသမားလေးဦးထားကစားဖွယ်ရှိသည်။ ကွင်းလယ်မှနေပြီး ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားကစားနိုင်သော ကစားသမားများလည်းရှိသည်။ ကရော့သည် အခြေအနေကိုကြည့်ပြီး ကစားနိုင်စွမ်းရှိသော ကစားသမားဖြစ်သော်လည်း အပြင်ဘက်ထွက်ကစားရန် တွန့်လျက်ရှိသည်။

နောက်ဆုံးအဆင့် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ တက်ရောက်ကစားခွင့်ရသော အာဖရိကအသင်းများထဲ၌ အိုင်ဗရီကို့(စ်)သည် ပင်ကိုစွမ်းရည်ကောင်းသော အသင်းတစ်သင်းဖြစ်သည်။ ဒီဇင်ဘာလတုန်းက ဂျာမနီလက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင်ဟောင်းလည်းဖြစ်၊ နည်းပြဆရာဟောင်းလည်းဖြစ်ခဲ့ဖူးသူ ဘက်ကင်ဘောင်ဝါသည် အိုင်ဗရီကို့(စ်) နိုင်ငံသို့ ရောက်ခဲ့သည်။ သူက အိုင်ဗရီကို့(စ်)ကို စွမ်းရည်အပြည့်အဝရှိသော အသင်းအဖြစ် အသိအမှတ်ပြု လက်ခံခဲ့သည်။

"အိုင်ဗရီကို့(စ်) အသင်းအုပ်စုက ကျွတ်သွားခဲ့ရင်တော့ ဗိုလ်လုပွဲအထိ လမ်းပွင့်သွားနိုင်တယ်"ဟု ထုတ်ဖော်ပြောကြားခဲ့ဖူးသည်။

မျှော်လင့်ထား

အိုင်ဗရီကို့(စ်) အသင်းအုပ်စုမှ ကျွတ်သွားနိုင်သည်ဟု လူအနည်းငယ်လောက်ကသာ မျှော်လင့်ထားကြသည်။ ။

အောင်ဗောဓိ ဆုတောင်းပြည့်စေတီတော် ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၈

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် အောင်ဗောဓိ ဆုတောင်းပြည့်စေတီတော်ဝင်းအတွင်းရှိ သီရိလင်္ကာနိုင်ငံမှ ဓမ္မလက်ဆောင်အဖြစ် ရရှိသော ဗောဓိညောင်ပင်အား ညောင်ရေသွန်းပွဲတော်ကို မေ ၁၁ ရက် (ကဆုန်လပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ရာ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဦးစန်းဝင်း-ဒေါ်ခင်လှ မိသားစု တနင်္သာရီလမ်း (၁၉)ရပ်ကွက် ဒဂုံတောင်မှ အရဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များက စည်ကားသိုက်မြိုက်စွာ ညောင်ရေသွန်းလောင်းကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပန်းတစ်ပွင့်တောင် ကဆုန်ညောင်ရေသွန်းပွဲတော်

ရန်ကုန် မေ ၈

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာပြုဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရက ကြီးမှူး၍ ဒေသခံဝါးပတော၊ ဝါးနက်ချောင်း၊ အင်းဂံ၊ လက်ပံတန်းစုကျေးရွာများမှ စုပေါင်းပြီး ကဆုန်ညောင်ရေသွန်းပွဲ၊ ဆရာတော် ဘဒ္ဒန္တပညာသာရကို စုပေါင်းသိက္ခာထပ်ပွဲနှင့် ယောဂီဆောင်များ ပန္နက်တင်၊ အုတ်မြစ်စီအခမ်းအနားကို မေ ၁၁ ရက် (ကဆုန်လပြည့်) ကြာသပတေးနေ့ နံနက် ၉ နာရီတွင် ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ အချိန်မီကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

ဇေယျသုခဘုရားအတွက် ငွေလှူဒါန်း

ရန်ကုန် မေ ၈

တန်ခိုးရှင် မြတံခွန်နှင့် အောင်သန်းဆု ထီဆိုင်ကြီးက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာရွာရှိ ဇေယျသုခဘုရားအတွက် အလှူငွေလှူဒါန်းခြင်းနှင့် (၂၀၇)ကြိမ်မြောက် သိန်း ၅၀၀ ကံထူးရှင်အား ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၅ ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ဖခင် ဦးအောင်စိန်နှင့် မိခင် (ဒေါ်ခင်စန်း) တို့အား အမှူးထား၍ ဦးဖေဝင်း၊ ဦးသန်းဇော်တို့က ဇေယျသုခဘုရားအတွက် အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်၏ ကထိကပိဋကတ်တော်ဆိုင်ရာမြန်မာစာဌာနမှ ဆရာတော် ဘဒ္ဒန္တဝေပုလ္လ ကိုယ်စား ရပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ကျော်ဟိန်းက လက်ခံသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ် ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းအတွက် မေ ၆ ရက်က ကွယ်လွန်သူ သူငယ်ချင်း (ဒေါ်ထွေးရီ-ဆရာမ)၊ (ဒေါ်သင်းကြည်-ဆရာမ)တို့အား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနေ ဦးလှတင်၊ ဒေါ်နုယဉ် မိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (၂၅၇)

အာဟာရပြည့်ဝရေး ကူညီစောင့်ရှောက်ခြင်းသင်တန်းဖွင့်

ရန်ကုန် မေ ၈

ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်းကျင်းပသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါခံစားနေရသူများအား အာဟာရပြည့်ဝစေရန် ကူညီစောင့်ရှောက်ပံ့ပိုးခြင်း သင်တန်းဖွင့်ပွဲကို ယနေ့တွင် ရန်ကုန်မြို့ Summit Park View Hotel တွင် ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် ကိုယ်စား Dr. Stephen P. Jost တို့က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းမှာ သုံးရက်ကြာမြင့်မည်ဖြစ်ပြီး သက်ဆိုင်ရာ စီမံချက်ဆရာဝန်များ၊ ကလေးအထူးကုဆရာဝန်များ၊ သားဖွားမီးယပ်အထူးကု ဆရာဝန်များနှင့် ဆေးလုပ်မှုဆက်ဆံရေးမှူးများ သင်တန်းသား စုစုပေါင်း ၂၅ဦး တက်ရောက်ကြကြောင်းသိရသည်။ (ကြေးမုံ)

လှူဒါန်း

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ကြေးတိုင်စု (၂)လမ်းနေ ဒေါ်မြသန်း မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ကွက်သစ် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြသင်းနှင့်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ဒေသနှင့်ကိုက်ညီသောသီးနှံနှင့်ရော်ဘာကို ပုဂ္ဂလိကလုပ်ငန်းရှင်များစမ်းသပ်စိုက်ပျိုး ဌာနဆိုင်ရာများ စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း ဒေသဝမ်းစာဖူလုံရေးအတွက် စနစ်တကျကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ **ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၆ ရက် နံနက်ပိုင်းတွင် မန်တုံမြို့၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် မန်တုံမြို့ ဈေး၏ ရောင်းဝယ်ဖောက်ကားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။**

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အဖွဲ့ဝင်များသည် ထွက်ခွာလာကြပြီး လမ်းတစ်လျှောက်ရှိ ဒေသခံရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အဖွဲ့ဝင်များသည် မန်တုံ-နမ္မတူ လမ်းအတိုင်း ဆက်လက်ထွက်ခွာလာပြီး လမ်းတစ်လျှောက်ရှိ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နေမှုများနှင့် လမ်း/တံတားအခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီးနောက် သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၏ ကျားစခန်းဘော်တွင်းဆည့်ရိပ်သာသို့ ရောက်ရှိကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ➪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ **ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဘော်တွင်းသတ္တုရိုင်း သန့်စင်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ထူးထူးခြားခြား အင်တာနက်သတင်း

ပန်းကန်ပြားပျံ လေ့လာချက်ထုတ်ပြန် အခြေအမြစ်မရှိသော အကြောင်းအရာဟုဆို

လန်ဒန် မေ ၈

ယူအက်ဖ်အိုခေါ် ပန်းကန်ပြားပျံများနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရ **က လွန်ခဲ့သော ခြောက်နှစ်က လေ့လာစူးစမ်းမှုများပြုလုပ်ပြီးနောက် အစီရင်ခံစာတစ်စောင်ကို တင်ပြခဲ့သော်လည်း လျှို့ဝှက်အဆင့် သတ်မှတ်ခဲ့မှုကြောင့် လူသိရှင်ကြားမထုတ်ပြန်ဘဲ သိမ်းဆည်းထားခဲ့သည်။ ယခုအခါ ထိုတင်ပြချက်ကို လျှို့ဝှက်အဆင့်မှ ပယ်ဖျက်ပေးလိုက်ပြီဖြစ်သည်။**

ကာကွယ်ရေးဝန်ကြီးဌာနကပြုစုသော ပန်ကန်ပြားပျံဆိုင်ရာ အစီရင်ခံစာတွင် **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❋

၂၀၀၄ခုနှစ် စက်တင်ဘာလအတွင်းက ဖင်လန်နိုင်ငံ ကောင်းကင်ယံတွင် ပန်းကန်ပြားပျံတစ်စင်းကို ဤသို့တွေ့ခဲ့ရသည်။

SNLD ပါတီသည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်နွယ်နေ နယ်မြေဒေသ မတည်မငြိမ်ဖြစ်အောင် တိုင်းရင်းသားအချင်းချင်း သွေးကွဲအောင်၊ မသင့်မတင့်ဖြစ်အောင် ဆောင်ရွက်လျက်ရှိ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် အတ္တကြီးမားစွာ လုပ်ကိုင်နေသည့် လွဲမှားသောလုပ်ရပ်များကြောင့် SNLD ပါတီဝင်အဖြစ်မှ စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD)မှ **ဦးစိုင်းငို့ကွမ်း (ဥက္ကဋ္ဌ သီပေါ)၊ ဒေါ်နန်းလှပြည့်(အတွင်းရေးမှူး-၂ သီပေါ)၊ ဒေါ်နန်းခမ်းလီ(စည်းရုံးရေးမှူး သီပေါ)၊ ဦးရွှေတိုး(အလုပ်အမှုဆောင် သီပေါ)၊ ဒေါ်နန်းညွန့်ညွန့် (အလုပ်အမှုဆောင် သီပေါ)၊ ဦးသိန်းထွန်း (အဖွဲ့ဝင် သီပေါ)၊ ဒေါ်လှနု (အဖွဲ့ဝင် သီပေါ)၊ ဦးစိုင်းဘငယ်(အဖွဲ့ဝင် သီပေါ)၊ ဦးဆန်စိုင်း(အဖွဲ့ဝင် သီပေါ)နှင့် ဦးစိုင်းဘသိန်း(အဖွဲ့ဝင် သီပေါ)တို့ ၁၀ဦးသည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို စုပေါင်းလက်မှတ်ရေးထိုးကာ** စာမျက်နှာ ၉ ကော်လံ ၆ သို့ ●

မေလ ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်ထုတ်ပြန်

ရန်ကုန် မေ ၈

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ မေလ ဒုတိယ ရက်သတ္တပတ်အတွင်း ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

မိုးအခြေအနေများမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် သုံးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေများမှာဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၂၀စင်တီမီတာ (လေးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၆၀ စင်တီမီတာ(နှစ်ပေခန့်)၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၃၀ စင်တီမီတာ (တစ်ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၉၀စင်တီမီတာ(သုံးပေခန့်)၊ မော်လိုက်မြို့ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၃၀ စင်တီမီတာ (တစ်ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)